# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)


၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက် အင်္ဂါနေ့။ Tuesday, 3 March 2026 ၁၂၁၁၀


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂**

၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် မာရဝိဇယဗုဒ္ဓဉယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပြီး ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာ ဘိဝံသတို့အမှူးပြုသည့် စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

## ယနေ့ ဖတ်စရာ


ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်း
စာမျက်နှာ » ၆

ကျန်းမာရေး၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်တည်တံ့ဖို့ ဆေးဖက်ဝင်နှင့် မွှေးရနံ့ရှိသောအပင်များ ထိန်းသိမ်းစို့
ဆောင်းပါး စာမျက်နှာ » ၁၂

တပေါင်းလပြည့်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား
စာမျက်နှာ » ၁၄

ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပ
စာမျက်နှာ » ၁၅

# စားရေးအတွက်ဖြည့်ဆည်းပေးသည့် တောင်သူလယ်သမားများအား ဂုဏ်ပြု

မတ်လ ၂ ရက်နေ့သည် တောင်သူလယ်သမားဦးကြီးများကို လေးစားဂုဏ်ပြုသည့် တောင်သူလယ်သမားနေ့ဖြစ်သည်။ ပြည်သူများ နေ့စဉ်စားရေးအတွက် တောင်သူလယ်သမားဦးကြီးများသည် နေပူမိုးရွာမရှောင် အပင်ပန်းအဆင်းရဲခံ၍ ကြိုးပမ်းလုပ်ကိုင်နေကြသည်ကို လေးစားဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ တောင်သူလယ်သမားများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် အားပေးမြှင့်တင်သောအားဖြင့်လည်းကောင်း နှစ်စဉ်နှစ်တိုင်း ဤနေ့ဤရက်တွင် အထူးဂုဏ်ပြုဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် နေ့စဉ်နေ့တိုင်း အာဟာရဖြည့်တင်းစားသုံးကြရသည့် ဆန်ဖြစ်လာအောင် စပါးစိုက်ပျိုးပေးသည့် တောင်သူများဘဝကို သိရှိနားလည်သဘောပေါက်ကြသည်နှင့်အမျှ တောင်သူလယ်သမားဦးကြီးများအား စာနာထောက်ထားလေးစားခြင်း၊ ကျေးဇူးတင်ရှိခြင်းတို့ဖြစ်ပေလိမ့်မည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ ဆန်စပါးအထွက်တိုးအောင် ကြိုးပမ်းဆောင်ရွက်ကြသည့် တောင်သူလယ်သမားများ၏ စွမ်းပကားများ မြင့်မားတိုးတက်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ကျေးလက်နေပြည်သူအများစုသည် စပါးအပါအဝင် သီးနှံအမျိုးမျိုး စိုက်ပျိုးလုပ်ကိုင်ကြသည်။ သီးနှံအထွက်နှုန်းတိုးရေး ပန်းတိုင်ရည်မှန်းချက်ပြည့်မီပါလျှင် ပြည်သူများအတွက် စားရေရိက္ခာဖူလုံပြီး တောင်သူများ၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်သာမက နိုင်ငံ့စီးပွားလည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် တစ်ချိန်သောကာလက ပြည်ပသို့ ဆန်စပါးတင်ပို့မှုတွင် ကမ္ဘာ့အဆင့်နံပါတ်(၁) ဖြစ်ခဲ့သည်။ နိုင်ငံ့စီးပွားရေးတွင် ဆန်စပါးမှ ဝင်ငွေအများဆုံးရရှိခဲ့သည်။ မျက်မှောက်ကာလတွင် ရာသီဥတုအပါအဝင် အခက်အခဲအကြောင်းအမျိုးမျိုးကြောင့် ကမ္ဘာ့အဆင့်မှ လျော့ကျခဲ့သည်။

မြန်မာနိုင်ငံသည် ရေခံမြေခံကောင်းများရှိပြီး စိုက်ပျိုးရေ၊ စိုက်ပျိုးမြေလုံလောက်အောင်ရှိသည်။ မျက်မှောက်ကာလတွင် နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးသီးနှံအထွက်တိုးရေး၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး တွန်းအားပေးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်က မျိုး၊ မြေ၊ ရေ၊ နည်း ဤလေးနည်းဖြင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းပြည့်မီပြီး တောင်သူလယ်သမားများ စီးပွားရေးကောင်းမွန်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ နိုင်ငံတော်စီးပွားတိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေးအခြေခံသည့် တောင်သူများလက်ဝယ်တွင်ရှိသည်ကို နားလည်ထားကြသည်။ တောင်သူလယ်သမားများသည် နိုင်ငံတော်၏ စီးပွားရေးမဏ္ဍိုင်ကို အဓိကထောက်မထားသည့် အင်အားစုကြီးဖြစ်သည်။

တောင်သူတို့၏ လယ်ယာမြေမှထွက်ရှိသော သီးနှံမျိုးစုံတို့သည် ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပဈေးကွက်အထိ ထိုးဖောက်နိုင်သည့် စွမ်းပကားများရှိသည်။ နိုင်ငံ၏ စုစုပေါင်းပြည်တွင်းအသားတင်ထုတ်ကုန် (GDP) တွင် စိုက်ပျိုးရေးကဏ္ဍမှ ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ ပါဝင်နေသည်။ ပြည်ပနိုင်ငံများသို့ ဆန်စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ ရော်ဘာ စသည့်ထွက်ကုန်သီးနှံများကို တင်ပို့ခြင်းဖြင့် နိုင်ငံတော်အတွက်လိုအပ်သော နိုင်ငံခြားငွေများကို ရှာဖွေပေးနေသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် သီးနှံအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်မပြည့်မီသည့် အခြေအနေအရပ်ရပ်အား ဝိုင်းဝန်းညှိနှိုင်းအဖြေရှာပြီး ပြုပြင်ပြောင်းလဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပန်းတိုင်ရည်မှန်းချက်မပြည့်မီသဖြင့် နှစ်စဉ်ကျပ်ငွေ ရှစ်ဘီလီယံခန့် နစ်နာလျက်ရှိသည်။

တောင်သူလယ်သမားများသည် နေပူမိုးရွာမရှောင် အခြားသူများ မလုပ်ကိုင်နိုင်သည့်အလုပ်ကို လုပ်နေကြရသည်။ တောင်သူများလုပ်ကိုင်နေသည့် စိုက်ပျိုးရေးလုပ်ငန်းသည် ကုသိုလ်လည်းရ ဝမ်းလည်းဝသည့် မွန်မြတ်သောလုပ်ငန်းများဖြစ်သည်။ တောင်သူများ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ရသည့် မိရိုးဖလာလုပ်ငန်းများကို စက်မှုလယ်ယာစနစ်သို့ အပြည့်အဝကူးပြောင်းပြီး သက်သာချောင်ချိအောင် လုပ်ဆောင်ပေးကြရမည်ဖြစ်သည်။ မျိုး၊ မြေ၊ ရေ၊ နည်း ဤလေးနည်းဖြင့် မြှင့်တင်ပေးကြရမည်ဖြစ်သည်။ စိုက်ပျိုးစရိတ်ချေးငွေများ အပြည့်အဝထုတ်ချေးပေးရမည်ဖြစ်သည်။ သင့်တင့်မျှတသော သီးနှံဈေးကွက်ဖော်ဆောင်ပေးပြီး တွက်ခြေကိုက်အောင် ဆောင်ကြဉ်းပေးကြရမည်ဖြစ်သည်။ တောင်သူလယ်သမားများဘဝကို အဘက်ဘက်မှ ဖြည့်ဆည်းပေးနိုင်မှသာ တောင်သူများဘဝမြင့်မားပြီး နိုင်ငံ့စီးပွားလည်း တိုးတက်မြင့်မားလာမည်ဖြစ်သည်။

သို့ဖြစ်ရာ တောင်သူလယ်သမားဦးကြီးများသည် ပြည်သူများ နေ့စဉ်စားရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် ကျေးဇူးရှင်များဖြစ်သည်။ တိုင်းပြည်စီးပွားမြင့်မားတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနေသော အင်အားစုကြီးဖြစ်သည်။ တောင်သူများ၏ ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာမှသာ နိုင်ငံ့စီးပွားရေးမြင့်မားတိုးတက်လာမည်ဖြစ်၍ နိုင်ငံတစ်ဝန်းရှိ တောင်သူလယ်သမားများအား ဂုဏ်ပြုသောအားဖြင့် လိုအပ်ချက်များကို ဝိုင်းဝန်းဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“အများပြည်သူ ဒုက္ခရောက်စေရန် ခရီးသည်တင်လေကြောင်းကိုပါ သိသိကြီးနဲ့ အကြမ်းဖက်တိုက်ခိုက်လာသော KIA နှင့် အပေါင်းပါ PDF များ”** ခေါင်းစဉ်ဖြင့် မတ် ၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် မတ် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက်တွေရဲ့ နွေဦးတော်လှန်ရေးခေါင်းစဉ်အောက်မှာ သာသနာ့ဝန်ထမ်း ဘုရားသားသမီးတွေရဲ့ ဆွမ်းခံခရီးတောင် အန္တရာယ်မကင်းတော့ပြီလား”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၈၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## အင်းစိန်မြို့နယ်၌ (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာဖတ်ဝိုင်းပြုလုပ်

**ရန်ကုန် မတ် ၂**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)၊ မြို့နယ်စာပေဥယျာဉ်အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းပြုလုပ်သည့် (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သုတ၊ ရသ စာပေစာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် အခမ်းအနားမှူးအဖြစ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခိုင်ဇာထွန်းက ဆောင်ရွက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာ၊ အသင်းနာယက ဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)နှင့် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့် (တော်မြင့်-ငှက်ဖျား)တို့က အမှာစကားများပြောကြားကြပြီး အသင်းဥက္ကဋ္ဌ၊ စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် လူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စာရေးဆရာ မင်းသီဟရာဇာက ၁၉၆၃ ခုနှစ်တွင် စာရေးဆရာမကြီး ဒေါ်ခင်ဆွေဦး ရေးသားထုတ်ဝေခဲ့သည့် “ဒို့တိုင်းဌာနီ” အမည်ရှိ နယ်ချဲ့ဆန့်ကျင်ရေး မျိုးချစ်စိတ်ဓာတ်နောက်ခံပါရှိသော စာအုပ်အကြောင်းကို ပြည့်စုံစွာ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

မြင့်ဦး

## ၂ - ၃ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၀၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

☆ ရှေ့ဖုံးမှ

၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော်အပူဇော်ခံတော်မူကြမည့် ပြည်တွင်း၊ ပြည်ပဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို စတင်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက အခမ်းအနားအဖွင့်စာတမ်းကိုဖတ်ကြားလျှောက်ထား၍ အခမ်းအနားကို ဖွင့်လှစ်သည်။



ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ မဟာထေရ်က သာရဏီယဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ကြရာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့ရရှိသည့် ဦးကျော်စိုးဝင်း(ခ) ဦးခန့်စည်သူအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိသူ သူရဦးမြင့်မောင်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဝိဇ္ဇာနန္ဒာဘိဝံသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက်နယားကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယထံလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမ (အလယ်)တိုက် ကျောင်းဆရာတော် ဘဒ္ဒန္တ ပညာဇောတထံလည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း ဆရာတော် ဘဒ္ဒန္တ နာယကာဘိဝံသထံ လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။

စာမျက်နှာ ၄ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဝိဇ္ဇာနန္ဒာဘိဝံသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့ရရှိသည့် ဒေါ်ညွန့်ယဉ်ဝင်းအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် သီဟသုဓမ္မသိင်္ဂီဘွဲ့ရရှိသည့် ဒေါ်ခင်နှင်းဝေအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက် နယားကျောင်းဆရာတော် ဘဒ္ဒန္တ နန္ဒိယထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

☆ စာမျက်နှာ ၃ မှ

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာ စရိယ ဘွဲ့ရရှိသည့် ဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီးက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သမိဒ္ဓေါဒယ သီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်ကလျာသိင်္ဂီထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။

ယင်းနောက် သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်များကို ချီးမြှင့်အပ်နှင်းရာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့ရရှိသည့် ဦးကျော်စိုးဝင်း(ခ) ဦးခန့်စည်သူ၊ သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့ရရှိကြသည့် ဦးဇော်လတ်နှင့် ဦးတင်မောင်ဝင်းတို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းသည်။

ဆက်လက်၍ ကော်မရှင်ဒုတိယဥက္ကဋ္ဌက သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိသူ သူရဦးမြင့်မောင်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီးက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့ရရှိကြသည့် ဒေါက်တာ ဌေးဌေးခိုင်၊ ဒေါ်ဌေးဌေးဝင်း၊ ဒေါ်ညွန့်ယဉ်ဝင်း၊ ဒေါ်သီတာအောင်၊ သီရိသုဓမ္မသိင်္ဂီ ဘွဲ့ရရှိကြသည့် ဒေါ်နန်းအေးခန့်၊ ဒေါ်ခင်သီတာ၊ သီဟသုဓမ္မသိင်္ဂီ ဘွဲ့ရရှိကြသည့် ဒေါ်စမ်းစမ်းအေး၊ ဒေါ်ဥမ္မာမြင့်၊ ဒေါ်နီလာ၊ ဒေါ်ဝါဝါသင်း၊ ဒေါ်သဇ္ဇာဝင်းစိန်၊ ဒေါက်တာ ဒေါ်နန်းကူးကူ၊ ဒေါ်သီတာလွင်တို့အားလည်းကောင်း၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ၏ဇနီးက သီဟသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ဒေါ်တင်မိုးနွယ်၊ ဒေါက်တာ အေးခိုင်ညွန့်၊

စာမျက်နှာ ၅ သို့ ☆





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမ (အလယ်)တိုက်ကျောင်းဆရာတော် ဘဒ္ဒန္တ ပညာဇောတထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။

☆ စာမျက်နှာ ၄ မှ

ဒေါ်ခင်နှင်းဝေ၊ ဒေါ်မာလာတင့်၊ ဒေါက်တာ ဒေါ်တင်လင်းမြင့်၊ ဒေါ်ခင်လေးမြင့်၊ ဒေါ်ခင်လှဝင်း၊ ဒေါ်စုညွန့်ဦး၊ ဒေါ်သန်းသန်းအေး၊ ဒေါက်တာနန္ဒာမွန်းနှင့် ဒေါ်ကြူကြူစိုးတို့အားလည်းကောင်း ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာ ဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကိုကျင်းပရာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အလှူရှင်များက ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော်အပူဇော်ခံတော်မူခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပ ဆရာတော်၊ သံဃာတော်များနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများအား မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ် အတွင်းရှိ သက်ဆိုင်ရာမဏ္ဍပ်များမှ ဆွမ်းဆန်စိမ်း နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင် ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစာအစားများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများစီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင် စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၄၄ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် စွမ်းစွမ်းတမံဆောင်ရွက်ကြသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်း လိုက်သည်-

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ**

**သရေစည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ ဦးသန်းထွန်းဦး | ဥက္ကဋ္ဌ | နေပြည်တော်ကောင်စီ |
| ၂။ ဦးစိုးသိန်း | ဝန်ကြီးချုပ် | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၃။ ဦးတင်မောင်ဝင်း | ဝန်ကြီးချုပ် | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |

**စည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ ဦးခက်ထိန်နန် | ဝန်ကြီးချုပ် | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂။ ဦးစောမြင့်ဦး | ဝန်ကြီးချုပ် | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃။ ဒေါက်တာဝုန်ဆွန်းထန် | ဝန်ကြီးချုပ် | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄။ ဦးမြတ်ကို | ဝန်ကြီးချုပ် | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅။ ဦးမျိုးဆွေဝင်း | ဝန်ကြီးချုပ် | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆။ ဦးတင့်လွင် | ဝန်ကြီးချုပ် | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇။ ဒေါ်သန်းသန်းဆွေ | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံချီဘွဲ့**

| | | |
|---|---|---|
| ၁။ ဒေါက်တာဝါဝါမောင် | ပြည်ထောင်စုဝန်ကြီး | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂။ ဦးစိန်ဦး | ဝန်ကြီးချုပ် | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃။ ဦးလွင်ဦး | ဥက္ကဋ္ဌ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး |
| ၄။ ဦးပေါ်လွင်စိန် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | |
|---|---|---|
| ၁။ ဦးထင်ကျော်သူ | ဒုတိယဝန်ကြီး | နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၃) |
| ၂။ ဗိုလ်ချုပ်အောင်မျိုးသန့် | ဒုတိယဝန်ကြီး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ ဗိုလ်ချုပ်မင်းသူ | ဒုတိယဝန်ကြီး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၄။ ဦးနိုင်မင်းကျော် | ဒုတိယဝန်ကြီး | နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၅။ ဦးဟန်ဝင်းအောင် | ဒုတိယဝန်ကြီး | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| ၆။ ဦးသန့်စင်လွင် | ဒုတိယဝန်ကြီး | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| ၇။ ဦးသိုက်စိုး | ဒုတိယဝန်ကြီး | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၈။ ဦးနေမျိုးလှိုင် | ဒုတိယဝန်ကြီး | ပညာရေးဝန်ကြီးဌာန |
| ၉။ ဦးဇင်မင်းထက် | ဒုတိယဝန်ကြီး | အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန |
| ၁၀။ ဦးထိန်လင်း | ဒုတိယဝန်ကြီး | အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန |
| ၁၁။ ဦးတိုးရီ | အဖွဲ့ဝင် | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး |
| ၁၂။ ဗိုလ်ချုပ်ကိုလေး | ဒုတိယဝန်ကြီး(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ ဦးစိုးကြည် | ဒုတိယဝန်ကြီး(ငြိမ်း) | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၁၄။ ဒေါ်အေးအေးမော် | တရားသူကြီးချုပ် | ကချင်ပြည်နယ်တရားလွှတ်တော် |
| ၁၅။ ဦးထွန်းထွန်းဦး | တရားသူကြီးချုပ် | ကယားပြည်နယ်တရားလွှတ်တော် |
| ၁၆။ ဦးညွန့်လင်း | တရားသူကြီးချုပ် | ကရင်ပြည်နယ်တရားလွှတ်တော် |
| ၁၇။ ဒေါ်မိမိမော် | တရားသူကြီးချုပ် | မကွေးတိုင်းဒေသကြီးတရားလွှတ်တော် |
| ၁၈။ ဒေါ်မြအေး | တရားသူကြီးချုပ် | ရခိုင်ပြည်နယ်တရားလွှတ်တော် |
| ၁၉။ ဒေါ်စန္ဒာသွယ် | တရားသူကြီးချုပ် | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် |
| ၂၀။ ဗိုလ်မှူးကြီးရဲမိုး | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၂၁။ ဦးဇေယျာလင်း | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၂၂။ ဦးမင်းဦး | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၂၃။ ဦးဟန်သူ | အဖွဲ့ဝင် | နေပြည်တော်ကောင်စီ |
| ၂၄။ ဗိုလ်မှူးကြီးကျော်သူရ | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၅။ ဦးမျိုးဆွေ | စီးပွားရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၆။ ဦးတိန့်ဆောင် | သယံဇာတရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၇။ ဦးမိုးမင်းသိန်း | လူမှုရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၈။ ဦးခင်မောင်ထွေး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၂၉။ ဦးကျော်မင်းခိုင် | တိုင်းရင်းသားရေးရာဝန်ကြီး | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃၀။ ဒေါ်နန်းလှလှအေး | ဥပဒေချုပ် | ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃၁။ ဗိုလ်မှူးကြီးသန်းစိုးအောင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၂။ ဦးစောဟူးဟူး | သယံဇာတရေးရာဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၃။ ဦးအောင်မျိုးသိန်း | လူမှုရေးရာဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၄။ ဦးအောင်မျိုးသန်း | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၅။ ဦးတင်လှ | တိုင်းရင်းသားရေးရာဝန်ကြီး | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၆။ ဦးကြည်မြိုင် | ဥပဒေချုပ် | ကယားပြည်နယ်အစိုးရအဖွဲ့ |
| ၃၇။ ဗိုလ်မှူးကြီးမင်းသူကျော် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃၈။ ဦးစောခင်မောင်မြင့် | စီးပွားရေးရာဝန်ကြီး | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၃၉။ ဦးညီညီဇော် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၄၀။ ဦးစန်းကို | တိုင်းရင်းသားရေးရာဝန်ကြီး | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၄၁။ ဦးရဲလွင် | ဥပဒေချုပ် | ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| ၄၂။ ဦးဝင်းဇော်ဦး | လူမှုရေးရာဝန်ကြီး | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄၃။ ဦးနေလင်းအောင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄၄။ ဦးစိန်ထွန်းလှ | တိုင်းရင်းသားရေးရာဝန်ကြီး | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄၅။ ဦးဆွန်းဒုတ်ကျင့် | ဥပဒေချုပ် | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| ၄၆။ ဗိုလ်မှူးကြီးဝင်းတင်စိုး | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၄၇။ ဒေါ်ရီရီသန်း | စီးပွားရေးရာဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၄၈။ ဦးတင်သန်းဝင်း | သယံဇာတရေးရာဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၄၉။ ဦးညွန့်ဝင်းအောင် | လူမှုရေးရာဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၀။ ဦးခင်မောင်အေး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၁။ ဦးထွန်းထွန်းဝင်း | ဥက္ကဋ္ဌ | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၂။ ဦးမောင်ကြီး | စီးပွားရေးရာဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၃။ ဦးခင်မောင်မြင့် | သယံဇာတရေးရာဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၄။ ဦးသက်နိုင် | လူမှုရေးရာဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၅။ ဦးအောင်ဇော်လှိုင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၆။ ဦးစောမာတင်လူသာ | တိုင်းရင်းသားရေးရာဝန်ကြီး | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၇။ ဦးအုန်းသန်း | ဥပဒေချုပ် | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၈။ ဦးတင်ဦး | စီးပွားရေးရာဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၅၉။ ဦးတင်သိန်း | သယံဇာတရေးရာဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၀။ ဦးမျိုးအောင် | လူမှုရေးရာဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၁။ ဦးတင်ဆွေ | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၂။ ဦးစောလင်းအောင် | တိုင်းရင်းသားရေးရာဝန်ကြီး | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၃။ ဦးခင်မောင်တင့် | ဥပဒေချုပ် | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၄။ ဗိုလ်မှူးကြီးမိုးမင်းသိန်း | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၅။ ဦးအောင်ချိန် | စီးပွားရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၆။ ဦးစိုင်းမြင့်အေး | သယံဇာတရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၇။ ဦးမျိုးမြင့် | လူမှုရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၈။ ဦးအောင်သူဦး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၆၉။ ဦးထွန်းခင် | တိုင်းရင်းသားရေးရာဝန်ကြီး | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၀။ ဦးတင့်ဝေ | ဥပဒေချုပ် | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၁။ ဗိုလ်မှူးကြီးနေလင်းစိုး | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၂။ ဦးသိန်းငွေ | စီးပွားရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၃။ ဦးရွှေဇင် | သယံဇာတရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၄။ ဦးအောင်ကျော်မိုး | လူမှုရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၅။ ဦးအောင်ဇော်ဦး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၆။ ဦးစိုင်းနွမ် | တိုင်းရင်းသားရေးရာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၇။ ဦးကျော်ဆန်း | စည်ပင်သာယာဝန်ကြီး | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၈။ ဦးမြင့်အောင် | ဥပဒေချုပ် | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၇၉။ ဗိုလ်မှူးကြီးကျော်စွာမြင့် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၀။ နိုင်လယိတမ(ခ) နိုင်ခင်မောင်ဇင် | စီးပွားရေးရာဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၁။ Dr အောင်မြတ်ကျော်စိန် | သယံဇာတရေးရာဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၂။ ဦးတင်စန်းနိုင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၃။ ဦးခင်မောင်ဦး | တိုင်းရင်းသားရေးရာဝန်ကြီး | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၄။ ဦးမြင့်အောင် | ဥပဒေချုပ် | မွန်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၅။ ဗိုလ်မှူးကြီးကျော်သူရ | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၆။ ဦးစံရွှေမောင် | စီးပွားရေးရာဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၇။ ဦးသက်ထွန်း | လူမှုရေးရာဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၈။ ဦးအောင်ကျော်မိုး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၈၉။ ဦးတင်လှ | တိုင်းရင်းသားရေးရာဝန်ကြီး | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |
| ၉၀။ ဦးလှသိန်း | ဥပဒေချုပ် | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |

စာမျက်နှာ ၇ သို့ ✣

✣ စာမျက်နှာ ၆ မှ

| | | | |
|---|---|---|---|
| ၉၁။ | ဗိုလ်မှူးကြီးဝင်းတင့် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၂။ | ဦးမျိုးမြင့်အောင် | စီးပွားရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၃။ | ဦးဇော်ဝင်း | သယံဇာတရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၄။ | ဦးငွေးအောင် | လူမှုရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၅။ | ဦးကျော်ကျော်စိုး | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၆။ | ဦးစောဂျက်ကော့ထူး | တိုင်းရင်းသားရေးရာဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၇။ | ဦးဗိုလ်ငွေး | စည်ပင်သာယာရေးဝန်ကြီး | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၈။ | ဒေါ်ဖြူမာဝေ | ဥပဒေချုပ် | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၉၉။ | ဗိုလ်မှူးကြီးစိန်ဝင်း | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၀။ | ဦးခွန်သိန်းမောင် | စီးပွားရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၁။ | ဦးစိုင်းလိတ် | သယံဇာတရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၂။ | ဦးမင်းမင်းလွင် | လူမှုရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၃။ | ဦးနေဝင်းအောင် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၄။ | ဦးအောင်ကြည်ဝင်း | တိုင်းရင်းသားရေးရာဝန်ကြီး | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၅။ | ဦးစိုင်းကျော်ဇံ | ဥပဒေချုပ် | ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၆။ | ဦးအာကာလင်း | ဥက္ကဋ္ဌ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၇။ | ဦးခွန်ရဲထွေး | ဥက္ကဋ္ဌ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၈။ | တားသိန်းဇော် | ဥက္ကဋ္ဌ | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ |
| ၁၀၉။ | ဦးအုန်းမြင့် | သယံဇာတရေးရာဝန်ကြီး | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၁၁၀။ | ဦးခင်မောင်ကြည် | လူမှုရေးရာဝန်ကြီး | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၁၁၁။ | ဦးစောလင်းခယ် | တိုင်းရင်းသားရေးရာဝန်ကြီး | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| ၁၁၂။ | ဒေါ်ခင်ခင်နွယ် | ဥပဒေချုပ် | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

## ရန်ကုန်မြို့၌ တပေါင်းလပြည့်နေ့ မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ တပေါင်းလပြည့်နေ့- မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အခမ်းအနားကို “ပညာရှင်ရှေးသမား ကျေးဇူးတရား မမေ့ပြား”ဟူသော ဆောင်ပုဒ်နှင့်အညီ ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M3 Food Centre ၌ ကျင်းပသည်။

ဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး သမားတော်ကြီး ဒေါက်တာအောင်နိုင်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌထံမှ ပေးပို့သောသဝဏ်လွှာကို မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) တွဲဖက်အတွင်းရေးမှူး ဦးဇော်ထက်အောင်က ဖတ်ကြားပြီး အသင်းသူ အသင်းသားများက နဝရတ်ကတိသစ္စာကို ရွတ်ဆိုကြသည်။



ယင်းနောက် တိုင်းရင်းဆေးကောင်စီဝင် ဦးသိန်းဇော်က မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အခမ်းအနားကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သက်တော်ရှည်သမားတော်ကြီး ၁၀ ဦးတို့အား အခမ်းအနားသို့ တက်ရောက်လာသူများက ကန်တော့ချီးဖြင့် ဂါရဝပြုကန်တော့ကြပြီး အလှူရှင်များက ပူဇော်ကန်တော့ငွေများ ဂါရဝပြုပေးအပ်ကြရာ ကန်တော့ခံသက်တော်ရှည်သမားတော်ကြီး ဦးဉာဏ်လွင်နှင့် ဦးထင်ကျော်တို့က ဆုပေးသြဝါဒစကားများ ပြန်လည်ချီးမြှင့်ပြောကြားသည်။

ယင်းနောက် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့အထိမ်းအမှတ်ရတုပိုဒ်စုံကို တေးသံရှင် စိမ်းထက်ချိုကဖတ်ကြားခြင်း၊ တေးထပ်ကို ဦးသန်းမြင့်ထွန်း (လှည်းကူးမြို့နယ်ဥက္ကဋ္ဌ)က ဖတ်ကြားခြင်း၊ အလှူရှင်စာရင်းနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အသင်း၏ တွဲဖက်ဘဏ္ဍာရေးမှူး ဦးအုန်းမြင့်က ဖတ်ကြားခြင်း၊ မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အခမ်းအနားဖြစ်မြောက်ရန် ပံ့ပိုးကူညီပေးကြသော အလှူရှင်များအား မှတ်တမ်းတင်ဂုဏ်ပြုလွှာပေးအပ်ခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် အထူးအစီအစဉ်အဖြစ် သမားတော်ကြီး ဦးချမ်းအေး-ဒေါ်မြင့်မြင့်စန်းမိသားစု(ရွှေရင်အေး တိုင်းရင်းဆေးခန်း၊ လှည်းကူးမြို့နယ်)က အလှူငွေကျပ်သိန်း ၂၅၀ ကို ပေးအပ်လှူဒါန်းရာ အသင်း၏ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး) ဒုတိယဥက္ကဋ္ဌ ဦးထွန်းရွှေက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

ကိုငွေး

## ရပ်စောက်မြို့နယ်၌ ငလျင်ဘေးသင့်နေအိမ်များအား ထောက်ပံ့ငွေများပေးအပ်

ရပ်စောက် မတ် ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်သွားသည့် အင်အားပြင်းငလျင်ကြောင့် ပျက်စီးသွားသည့် နေအိမ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီမှ ခွင့်ပြုထားသည့် ရန်ပုံငွေနှင့် အိမ်ဆောက်ပစ္စည်းများကို ပြည်သူများထံသို့ ဖြန့်ခွဲထောက်ပံ့ပေးလျက်ရှိရာ ကနဦးအနေဖြင့် သစ်ဖိုးငွေများကို ယမန်နေ့က ထောက်ပံ့ပေးခဲ့သည်။




ထိုသို့ ထောက်ပံ့ရာတွင် ငလျင်လှုပ်ခတ်သွားခြင်းကြောင့် ရပ်စောက်မြို့နယ် အတွင်း ရပ်ကွက်ကျေးရွာအုပ်စု ငါးအုပ်စုရှိ အိမ်ထောင်စု ၂၈ စုမှ နေအိမ်လုံးဝ ပျက်စီးသွားသည့် နေအိမ်များ၊ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့်နေအိမ်များအား ပိုင်ရှင်များထံ သစ်ဖိုးငွေစုစုပေါင်း ကျပ်သိန်း ၅၆၀၀ ကျော် ထောက်ပံ့ပေးခဲ့သည်။

ငလျင်လှုပ်ခတ်သွားခြင်းကြောင့် ပျက်စီးသွားသည့် နေအိမ်များကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီမှ ခွင့်ပြုထားသည့် ရန်ပုံငွေနှင့် အိမ်ဆောက်ပစ္စည်း သံချောင်း၊ ဘိလပ်မြေ၊ အိမ်မိုးသွပ်များကို ပျက်စီးဆုံးရှုံးသွားသည့် နေအိမ်ပိုင်ရှင်များထံ ထပ်မံထောက်ပံ့သွားမည် ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မိတ္ထီလာမြို့၌ ကောက်စိုက်စက်ဖြင့် နှံ့စပါး (ရေဆင်းပေါ်ဆန်း-၂)ပျိုးထောင်ခြင်း သရုပ်ပြပွဲကျင်းပ

မိတ္ထီလာ မတ် ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ကောက်စိုက်စက်ဖြင့် နွှေစပါး(ရေဆင်းပေါ်ဆန်း-၂) ပျိုးထောင်ခြင်းသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက ထမုန်ကန်ကျေးရွာအုပ်စု စက်ပစ်တောင်ကျေးရွာရှိ တောင်သူ ဦးဖုန်းမြင့်၏ စိုက်ကွေ၌ ကျင်းပသည်။

အဆိုပါပျိုးထောင်ခြင်းသရုပ်ပြပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးက အမှာစကားပြောကြားပြီး စိမ်းလန်းမြေကုမ္ပဏီလီမိတက်မှ တာဝန်ခံ ဦးမောင်မောင်ထွန်းက ကောက်စိုက်စက်ဖြင့် ပျိုးထောင်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြသကာ ဒေသခံတောင်သူများ၏သိလိုသည်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## ဒက္ခိဏသီရိမြို့နယ် မြို့မဈေးနှင့် ပျံကျဈေး၌ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော

နေပြည်တော် မတ် ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မြို့မဈေးနှင့် ပျံကျဈေး၌ ပွင့်လင်းရာသီကာလ မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးသတိမူရေးဆော်သြခြင်းလုပ်ငန်းများကို ယမန်နေ့က ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် ဒက္ခိဏသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးဝေလျှံထွေးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းနှင့် မီးသတိမူရေးဆော်သြခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်သူရဦး(ပြန်/ဆက်)

ဥတုရာသီ တောကိုမှီ၏

## နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူ ၁၀ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အမိန့်အမှတ် ၇ / ၂၀၂၆**
**၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်**
**(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)**
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်ကျရောက်သည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူ ၁၀ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ **“နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## အကျဉ်းသား/ အကျဉ်းသူ ၇၃၃၇ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အမိန့်အမှတ် ၈ / ၂၀၂၆**
**၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်**
**(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)**
**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်ကျရောက်သည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က) အရ ပြစ်မှုကျူးလွန်၍ အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၇၃၃၇ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **“နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## တရားစွဲဆိုခံထားရသူ ၁၂၄၈၇ ဦး၏ တရားရုံး ကြားနာစစ်ဆေးဆဲ အမှုပေါင်း ၉၅၃၂ မှုကို ပိတ်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အမိန့်အမှတ် ၉ / ၂၀၂၆**
**၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်**
**(၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်)**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)၊ ၅၂(က) ဖြင့် ကြားနာစစ်ဆေးဆဲအမှုများကိုပိတ်သိမ်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်ကျရောက်သည့် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က) ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံထားရသူ ၁၂၄၈၇ ဦး၏ တရားရုံး ကြားနာစစ်ဆေးဆဲ အမှုပေါင်း ၉၅၃၂ မှုကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ရသူများ မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့်ရရှိကြသည့်အတွက် မိသားစုဝင်များနှင့် ထပ်တူဝမ်းမြောက်ပီတိဖြစ်

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏**
**သတင်းထုတ်ပြန်ချက် ( ၂ /၂၀၂၆ )**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်နေ့ အခါသမယနှင့် ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်စေရန် ရှေးရှုသောအားဖြင့်လည်းကောင်း၊ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/အကျဉ်းသူများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၊ အမိန့် အမှတ် (၅/၂၀၂၆) ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသည့် ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ခြင်း၊ အမိန့်အမှတ် (၆/၂၀၂၆) ဖြင့် အကျဉ်းသား/အကျဉ်းသူ ၂၈၂၅ ဦးကို ယင်းတို့ ကျခံရန်ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ် (၇/၂၀၂၆) ဖြင့် နိုင်ငံခြားသား အကျဉ်းသား/အကျဉ်းသူ ၁၀ ဦးကို ယင်းတို့ကျခံရန် ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပါက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်း၊ အမိန့်အမှတ် (၈/၂၀၂၆) ဖြင့် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည) နှင့် ပုဒ်မ ၅၂(က) အရ ပြစ်မှုကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား/အကျဉ်းသူ ၇၃၃၇ ဦးကို ယင်းတို့ကျခံရန် ကျန်ရှိသည့် ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်း၊ အမိန့်အမှတ် (၉/၂၀၂၆) ဖြင့် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က) ဖြင့် လည်းကောင်း၊ ယင်းပြစ်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံထားရသူ ၁၂၄၈၇ ဦး၏ တရားရုံး ကြားနာစစ်ဆေးဆဲ အမှုပေါင်း ၉၅၃၂ မှုကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ပေးခြင်းစသည့် အမိန့်များ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ဤကဲ့သို့ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် တရားရုံးကြားနာစစ်ဆေးဆဲအမှုများကို ပိတ်သိမ်း၍ လွတ်ငြိမ်းခွင့်အမိန့် ထုတ်ပြန်ခြင်းများသည် ပြည်တွင်းစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

၃။ နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းသည် ကမ္ဘာ့နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို မြှင့်တင်ရာရောက်စေပြီး နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေမည့် လုပ်ဆောင်ချက်များပင်ဖြစ်ပါသည်။

၄။ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ရသူများသည် မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့် ရရှိပြီး ယင်းတို့၏ လူမှုစီးပွားရေးနယ်ပယ်တွင် ပါဝင်ဆောင်ရွက်လာနိုင်သည့် အခွင့်အရေးရရှိကြသည့်အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် သက်ဆိုင်ရာ မိသားစုဝင်များနှင့် ထပ်တူ ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၂ ရက်

## ရမည်းသင်းအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၁၄၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ရမည်းသင်း မတ် ၂**

ရမည်းသင်းမြို့နယ် ရမည်းသင်းအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၁၄၂ ဦး လွှတ်ပေးသည့် အခမ်းအနားကို ရမည်းသင်း အကျဉ်းထောင်ရိပ်သာ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အကျဉ်းထောင် တာဝန်ခံအရာရှိ ဦးစိုးသီဟက ဆုံးမစကားများပြောကြားပြီး ထောင်လွတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်များ ပေးအပ်သည်။ ရမည်းသင်းအကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံနေရသူ ၁၄၂ ဦး လွတ်ငြိမ်းချမ်းသာခွင့် ရရှိခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သရက်အကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၁၃၉ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**သရက် မတ် ၂**

သရက်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူ ၁၃၉ ဦးတို့အား မတ် ၂ ရက် မွန်းလွဲပိုင်းက ၎င်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးခဲ့သည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွှတ်ပေးရာ၌ တာဝန်ရှိသူများက ဆုံးမစကားများ ပြောကြားခဲ့ကြပြီး ထောင်လွတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားရှင် ခံစားခွင့်များပေး၍ လွှတ်ပေးခဲ့ကြခြင်းဖြစ်သည်။ ယနေ့ သရက်အကျဉ်းထောင်မှ အကျဉ်းသား ၁၁၃ ဦး၊ အကျဉ်းသူ ၂၆ ဦး စုစုပေါင်း ၁၃၉ ဦးတို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ကြကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## မအူပင်အကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံသူ ၁၀၈ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**မအူပင် မတ် ၂**

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့၌ ယနေ့နံနက်ပိုင်းက မအူပင် အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံသူ ၁၀၈ ဦးအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၄၀၁၊ ပုဒ်မခွဲ (၁)အရ စည်းကမ်းသတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုခဲ့သည်။



**လွတ်ငြိမ်းခွင့်ပြု**

မအူပင် အကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိသော အကျဉ်းသား ၉၅ ဦး၊ အကျဉ်းသူ ၁၃ ဦး၊ စုစုပေါင်း ၁၀၈ ဦးအား မအူပင်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ခင်မောင်ညွန့်နှင့် တာဝန်ရှိသူများက ဆုံးမဩဝါဒစကားများ ပြောကြားသည်။ ယင်းနောက် အကျဉ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးကျော်သူက ခရီးစရိတ်နှင့် စားစရိတ်များ ပေးအပ်ခဲ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုလုပ်ပေးခဲ့ရာ မိသားစုဝင်များက ဝမ်းမြောက်ဝမ်းသာစွာ လာရောက်ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း SKD စနစ်ဖြင့် မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်သည့်စက်ရုံအား ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂

မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ Myanmar Motor Corporation Public Co., Ltd. မှ ISSUZU အမှတ်တံဆိပ် မော်တော်ယာဉ်များကို SKD စနစ်ဖြင့် ကိုယ်ထည်တပ်ဆင်ထုတ်လုပ်သည့် စက်ရုံအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စက်ရုံမှ တာဝန်ရှိသူများနှင့် စက်ရုံအစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အကြီးအကဲက ပြည်တွင်းတွင် ထုတ်လုပ်နိုင်သည့် အစိတ်အပိုင်းများကို ပြည်တွင်း၌သာ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် လမ်းညွှန်မှုပြုထားပါကြောင်း၊ ထို့ကြောင့် ကုမ္ပဏီအနေဖြင့် ပြည်တွင်း၌ မော်တော်ယာဉ်အစိတ်အပိုင်းများ ထုတ်လုပ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ မော်တော်ယာဉ်ကိုယ်ထည်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ထုတ်လုပ်မည့် မော်တော်ယာဉ်များ၏ ဘောင်များတည်ဆောက်ပုံ၊ မောင်းနှင် အသုံးပြုချိန်တွင် ဖြစ်ပေါ်လာမည့် ကွေးညွတ်မှု၊ ဒဏ်အားသက်ရောက်မှု၊ ဒြပ်စွဲအားတည်နေရာပြောင်းလဲမှု အခြေအနေများကို သီအိုရီအရ တွက်ချက်၍ မော်တော်ယာဉ်၏ တည်ငြိမ်မှုကို ရရှိနိုင်အောင် စီမံဆောင်ရွက်ရန်လိုကြောင်း။

ခရီးသည်ယာဉ်များ၏ ကိုယ်ထည်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက သုံးစွဲသူပြည်သူများဘေးအန္တရာယ်ကင်းရှင်းရေးကိုအထူးအလေးထား၍ အသေးစိတ်တွက်ချက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မူရင်းကုမ္ပဏီ၏ သတ်မှတ်ချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ပြီး အရည်အသွေးပြည့်မီအောင် စစ်ဆေးကြပ်မတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ မော်တော်ယာဉ်များအား SKD/ CKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်ခြင်းသည် နည်းပညာရရှိရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၍ ရည်ရွယ်ချက် အောင်မြင်အောင် အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ၏ တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်ပေါ်လာမှု အခြေအနေများကိုလည်း စိစစ်တွက်ချက်ထားရန်လိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ အရည်အသွေး ပြည့်မီရေး၊ သုံးစွဲသူများ ဘေးအန္တရာယ် ကင်းရှင်းစေရေးတို့အတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်သွားရန် မှာကြားပြီး စက်ရုံအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ဟင်းသီးဟင်းရွက် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲနှင့် MSMEs ဒေသထုတ်ကုန်ဈေးရောင်းပွဲတော် ကျင်းပ

ပဲခူး မတ် ၂

၂၀၂၆ ခုနှစ် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် ပဲခူးတိုင်းဒေသကြီး ဟင်းသီးဟင်းရွက် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲနှင့် MSMEs ဒေသထုတ်ကုန် ဈေးရောင်းပွဲတော်ကို ယမန်နေ့ ညနေပိုင်းက ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ပညာယျစေတီတော်မြတ်ကြီးအနီး၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ညီလန်းချိုနှင့် စီးပွားရေးရာဝန်ကြီး ဦးတင်ဦးတို့က (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အကြို သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲနှင့် MSMEs ဒေသထုတ်ကုန် ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှတ်(၃)အခြေခံ ပညာ အထက်တန်းကျောင်းမှ ဂုဏ်ပြုဘင်ခရာတီးဝိုင်းနှင့် ဂုဏ်ပြု ပန်းဖွားအကအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများက ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်၊ နတ်တလင်းခရိုင်နှင့် သာယာဝတီခရိုင် ခြောက်ခုတို့မှ ဒေသထွက် သစ်သီးဝလံပန်းမန် ပြိုင်ပွဲဝင် သစ်သီးဝလံပန်းမန်များ ခင်းကျင်းပြသထားရှိမှု၊ လယ်ယာသုံး စက်ကိရိယာပြခန်း၊ မွေးမြူရေးဆိုင်ရာပြခန်းများ၊ ဌာနဆိုင်ရာ အသိပညာပေးပြခန်းများ၊ မွေးမြူရေးစံပြခြံများ၊ ဒေသထွက်ကုန် အရောင်းပြခန်း စုစုပေါင်း ၁၁၀ ကျော်ကို လှည့်လည်ကြည့်ရှုအားပေးပြီး ဒေသထွက်ကုန်များအား နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တိုးတက်ထုတ်လုပ်နိုင်ရေး၊ ပြည်ပပို့ကုန်အဆင့်ထိ မျှော်မှန်း ထုတ်လုပ်ဆောင်ရွက်ရန်နှင့် ဒေသတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါပြခန်းများတွင် ဒေသထွက် ဝါး၊ သစ်သား လက်မှုပစ္စည်းများ၊ ဒေသထွက်တန်ဖိုးမြှင့် စားသောက်ကုန် ပစ္စည်းများ၊ တိုင်းရင်းဆေးဝါးများ၊ လူသုံးကုန်များနှင့် သဘာဝမြေဩဇာများ စုစုပေါင်း ဒေသထွက်ကုန် အမျိုးပေါင်း ၈၀၀ ကျော် ထည့်သွင်းပြသထားရာ လာရောက်လေ့လာသူများ၊ ဈေးဝယ်သူများအပြင် ဇာတ်သဘင် လာရောက်ကြည့်ရှုသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးသိုက်စိုး
# ပုသိမ်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မတ် ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ပုသိမ်မြို့နယ် မရမ်းချောင်းကျေးရွာတွင် ကျင်းပသည့် (၆၄) နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ တက်ရောက်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့် အတူ ပုသိမ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာပေါင်း ၂၁ ရွာမှ အိမ်ခြေ ၇၀၈၁ အိမ်အား အကျိုးပြုမည့် ရွှေမြင်တင်ကျောင်းလမ်း အရှည် ၅ ဒသမ ၅ ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ လမ်းပခုံးများ စနစ်တကျဖြစ်စေရေး မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြို့ချောင်းကျေးရွာသို့သွားရောက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေဖြင့် ပေ ၄၀ အကျယ်ရှိ ကွန်ကရစ်ဆိပ်ခံတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်အရည်အသွေး၊ စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ ရေယာဉ်များနှင့် ရေလုပ်သားများအတွက် အမှန်တကယ် အကျိုးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားကာ ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပုသိမ်မြို့ သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းသို့ သွားရောက်၍ ဦးစီးဌာန လေးခုမှ ဝန်ထမ်းများ၊ သင်တန်းကျောင်းမှ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိ၍ မိသားစုဝင်ငွေတိုးရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ ဦးစီးဌာနအလိုက်၊ သင်တန်းကျောင်းများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများ ထိရောက်အောင်မြင်ရေး၊ ဝန်ထမ်းများ မိမိတို့ဘဝ တိုးတက်မြင့်မားရေးနှင့် သင်တန်းနည်းပြ ဆရာ ဆရာမများက နှစ်စဉ် သင်တန်းသား ပိုမိုရရှိရေး၊ အမျိုးသားရေးစိတ်ဓာတ်နှင့် လူမှုရေးစိတ်ဓာတ် အခြေခံပြည့်ဝသည့် သမဝါယမစီးပွားရေး ပညာတတ်လူငယ်လူရွယ်များ မွေးထုတ်ပေးနိုင်ရေး၊ သမဝါယမကောလိပ်များ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ ပေါင်းကူးတက်ရောက်နိုင်သည်အထိ စေတနာထား၍ သင်ကြားပို့ချပေးရေး တိုက်တွန်းမှာကြားကာ ဝန်ထမ်းများနှင့် ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲသို့ တက်ရောက်ကြည်ညိုပြီး ဘွဲ့တံဆိပ်တော်များ ဆက်ကပ်

**စစ်တွေ မတ် ၂**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက စစ်တွေမြို့ လောကာနန္ဒာစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနဗိမာန်တော်၌ ကျင်းပသည်။



အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်တွေမြို့ နန္ဒာရာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ နန္ဒသိရီ မဟာထေရ်မြတ်ထံမှ ပြည်နယ် ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ စစ်တွေမြို့ ခေါင်းလောင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒ မဟာထေရ်မြတ်၏ သမ္ဗောဒနီယ ဩဝါဒကထာကို နာယူကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကာ ကြွရောက်တော်မူကြသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စစ်တွေမြို့ပေါ်ရှိ ဘုရားစေတီ ငါးဆူအတွက် အလှူငွေများ လှူဒါန်းပြီး စစ်တွေမြို့ ဝိမလဓမ္မနာဒ(ခတ်လယ်)ကျောင်းတိုက် ပဓာနနာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုဝဏ္ဏ မဟာထေရ်မြတ် ဟောကြားသည့် အနုမောဒနာတရား နာယူကာ လှူဒါန်းမှုအစုစုကို ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးတို့အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားတွင် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် တစ်ပါး၊ သဒ္ဓမ္မဇောတိကဓဇ ဆရာတော်တစ်ပါးနှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးတစ်ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်စွာဦးနှင့် တာဝန်ရှိသူများသည် စစ်တွေတပ်နယ်ရှိ ရန်အောင်ဇေယျာသုခမင်္ဂလာစေတီတော် ဗုဒ္ဓဥယျာဉ် ပရိဝုဏ်အတွင်း အရှင်သီဝလိနှင့် အရှင်ဥပဂုတ္တ ရဟန္တာ မထေရ်မြတ်နှစ်ပါး ဆင်းတုတော်၊ ကျောင်းဆောင်နှင့် ဇေယျမင်္ဂလာကန်တော်ဆယ်ယူ၍ ကန်ပေါင်မြှင့်ခြင်း ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆပ်ကပ်လှူဒါန်းကြသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည့် (၆၄) နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် သီးနှံစိုက်စွမ်းအား အကောင်းဆုံး ထူးချွန်တောင်သူများကို ဆုများချီးမြှင့် ပေးအပ်ပြီး တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ – ဝင်းမင်းစိုး**

# စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲ ကျင်းပ

**မုံရွာ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်ကြီးရှိ ပုညရှင်သာသနဗိမာန်တော်ကြီး၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယအဓိပတိ သောဌသမရွှေကျင်းသာသနာပိုင် သီတဂူအဓိပတိ ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မုံရွာမြို့ နန္ဒဝန်ရပ်ကွက် သဒ္ဓမ္မဇောတိကသုဗောဓာရုံကျောင်းတိုက် တိုက်အုပ်နာယက စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့(ရွှေကျင်) အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တစန္ဒာဝရက သမ္ဗောဒနီယဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ စစ်ကိုင်းမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်၊ အဆောင်အယောင်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးနှင့် စစ်ကိုင်းမြို့ပေါ်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများက ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်၊ အဆောင်အယောင်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ် သုံးဦးအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်နှင့် ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းပြီး အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက သီတဂူအဓိပတိ ဆရာတော်ကြီးထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လှူဒါန်းသည့် နဝကမ္မအလှူတော်ငွေ ကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် သီတဂူအဓိပတိ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် ပင့်သံဃာဆရာတော်ကြီးများ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲတွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ငါးပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး နှစ်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ငါးပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး တစ်ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး လေးပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး သုံးပါး၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး သုံးပါး၊ သဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ခြောက်ပါး၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး တစ်ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး တစ်ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး နှစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး တစ်ပါးနှင့် လူပုဂ္ဂိုလ် နှစ်ဦး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး သုံးပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး တစ်ပါး စုစုပေါင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ၄၁ ပါးနှင့် လူပုဂ္ဂိုလ် သုံးဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းခဲ့သည်။

နံနက်ပိုင်းကလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သီတဂူ အဓိပတိ ဆရာတော်ကြီး၏ သက်တော်(၈၉)နှစ်ပြည့် မွေးနေ့အလှူတော် ဆွမ်းဆန်စိမ်းလောင်းပွဲသို့ တက်ရောက်ပြီး စစ်ကိုင်းမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော် အပါး ၁၀၀၀ အား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ သာကေတမြို့နယ် တိပိဋကလင်္ကာရကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိ၊ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် စာချနာယကဆရာတော် ဘဒ္ဒန္တသုမင်္ဂလ၊ ဘွဲ့တံဆိပ်တော်ရဆရာတော် သံဃာတော်များ၊ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ သာသနာပြုဘွဲ့ရ လူပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သာကေတမြို့နယ် တိပိဋကလင်္ကာရကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူသော လမ်းမတော်မြို့နယ် အမှတ်(၁၂)ရပ်ကွက် သရက်တောကျောင်းတိုက် ရေလယ်ကလေးကျောင်း ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တသုခေမိတအရှင်သူမြတ်က သမ္ဗောဒနီယသြဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၇၂ ပါး၊ သီလရှင်ဆရာကြီး ငါးပါး စုစုပေါင်း ၇၇ ပါးတို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် သာသနာပြုဘွဲ့ရလူပုဂ္ဂိုလ် ၂၃ ဦးတို့အား ဘွဲ့တံဆိပ်အပ်နှင်းခြင်းတို့ဆောင်ရွက်ကြပြီး တိုင်းဒေသကြီးသံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် စာချနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်၍ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပသည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းပွဲတွင် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရဆရာတော် ၁၄ ပါးနှင့်သီလရှင် တစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့ရဆရာတော် ၁၁ ပါးနှင့် သီလရှင်နှစ်ပါး၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ သုံးပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရဆရာတော် အပါး၂၀ နှင့်သီလရှင် နှစ်ပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့တော်ရဆရာတော် ၁၄ ပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ခြောက်ပါး၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရဆရာတော် နှစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ အမျိုးသားတစ်ဦး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ အမျိုးသား တစ်ဦးနှင့် အမျိုးသမီးသုံးဦး၊ သီဟသုဓမ္မမဏိဇောတဓရဘွဲ့ရ အမျိုးသားတစ်ဦး၊ သီဟသုဓမ္မသိင်္ဂီဘွဲ့ရ အမျိုးသမီးငါးဦး၊ သုဓမ္မမဏိဇောတဓရဘွဲ့ရ အမျိုးသားသုံးဦး၊ သုဓမ္မသိင်္ဂီဘွဲ့ရ အမျိုးသမီးကိုးဦးတို့အား ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား တက်ရောက်

မော်လမြိုင် မတ် ၂

၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

**ငါးပါးသီလခံယူဆောက်တည်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပရိယတ္တိဓမ္မဗိမာန်တော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီးနှင့် ရေချမ်းတို့အား ကပ်လှူပူဇော်ပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ "ထူးမခြားနား" သီချင်းခံဂုဏ်ပြုပူဇော်ခဲ့ကြကာ ပေါင်မြို့နယ် ပေါင်းရပ်ကွက်ဘုရားကြီး ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒောဘာသ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက မဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ၊ ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၆ ပါးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သံဖြူဇရပ်မြို့ အောင်ဇေယျရပ်ကွက် ဓမ္မာရာမတောရကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အရှင်သူမြတ်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြည်ညို၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ အလှူရှင်များက သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# သထုံရွှေစာရံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းအခမ်းအနား ကျင်းပ



သထုံ မတ် ၂

မွန်ပြည်နယ် သထုံမြို့၏ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ်အဖြစ် (၂၅)ကြိမ်မြောက် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေစာရံစေတီတော် ပုရိဝုဏ်ရှိ သုဝဏ္ဏဘူမိသာသနဝ့ဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ သထုံမြို့နယ်အတွင်းရှိ စေတီတော်သြဝါဒါစရိယဆရာတော်ကြီးများနှင့် သံဃာတော်အရှင်သူမြတ်တို့က စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ကြသည်။

ယင်းနောက် သုဝဏ္ဏဘူမိသာသနဝ့ဗိမ္ဗာန်တော်၌ ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပရာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဧည့်ပရိသတ်များ တက်ရောက်ကြပြီး သထုံမြို့ ညောင်လေးပင်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာထံမှ သီလခံယူကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များက ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော မေတ္တာသုတ်အစရှိသည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ အလှူရှင်များက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် အလှူရှင်များစုပေါင်းကာ ကြွရောက်လာကြသည့် ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့ ဂုဏ်ပြုဆောင်းပါး

# ကျန်းမာရေး၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်တည်တံ့ဖို့ ဆေးဖက်ဝင်နှင့် မွှေးရနံ့ရှိသောအပင်များ ထိန်းသိမ်းစို့

သစ်တောမောင်

**နှစ်စဉ် မတ်လ ၃ ရက်နေ့သည် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့- United Nations World Wildlife Day (WWD) ဖြစ်သည်။ မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွန်ဗင်းရှင်း (Convention on International Trade in Endangered Species of Wild Fauna and Flora-CITES) သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့သည့် ၁၉၇၃ ခုနှစ် မတ်လ ၃ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပသော (၆၈) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ မတ်လ ၃ ရက်နေ့ကို ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့အဖြစ် ကြေညာသတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။**

ယခုနှစ်ကျရောက်သော ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့ ဆောင်ပုဒ်မှာ ကျန်းမာရေး၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်တည်တံ့ဖို့ ဆေးဖက်ဝင်နှင့် မွှေးရနံ့ရှိသောအပင်များ ထိန်းသိမ်းစို့ (Medicinal and Aromatic Plants: Conserving Health, Heritage and Livelihoods) ဟူ၍ ဖြစ်ပါသည်။ ဆေးဖက်ဝင်နှင့် မွှေးရနံ့ရှိသော အပင်များ ထိန်းသိမ်းကာကွယ်ရေး၊ အသိပညာမြှင့်တင်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးတက်ခိုင်မာစေရန် ရည်ရွယ်ထားသည့် ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုတစ်ရပ်ဖြစ်ပြီး သဘာဝအရင်းအမြစ်များကို အနာဂတ်မျိုးဆက်များအတွက် တည်တံ့စွာ ထိန်းသိမ်းနိုင်ရေး အထောက်အကူပြုနိုင်ရန် ရည်ရွယ်ထားပါသည်။ ယခုအခါတွင် **ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့**သည် ကမ္ဘာလုံးဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို အလေးထားဂုဏ်ပြုသည့် နှစ်စဉ်အခမ်းအနားတစ်ရပ် ဖြစ်လာခဲ့ပါသည်။

### ဇီဝမျိုးစုံမျိုးကွဲများ၏အရေးပါမှု

ဇီဝမျိုးစုံမျိုးကွဲများဆိုသည်မှာ သဘာဝပတ်ဝန်းကျင်အတွင်းရှိ သက်ရှိများ၏ မျိုးစိတ်အမျိုးမျိုး၊ မျိုးရိုးဗီဇကွဲပြားမှုနှင့် ဂေဟစနစ်အမျိုးမျိုးကွဲပြားမှုတို့အကြား ဆက်နွယ်နေမှုဖြစ်ပြီး လူသားဘဝတည်တံ့ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ တောရိုင်းတိရစ္ဆာန်များနှင့် အပင်များသည် ဇီဝမျိုးစုံမျိုးကွဲ၏ အဓိကအစိတ်အပိုင်းဖြစ်ပါသည်။

ဇီဝမျိုးစုံမျိုးကွဲများသည် သဘာဝဂေဟစနစ်ဟန်ချက်ကို ထိန်းသိမ်းပေးခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များကို လျှော့ချနိုင်ခြင်းနှင့် ကြံ့ကြံ့ခံနိုင်ရည် တိုးစေခြင်း၊ အစာကွင်းဆက်နှင့် ဂေဟစနစ်လုပ်ငန်းများကို ထောက်ပံ့ပေးခြင်း၊ မျိုးရိုးကွဲပြားမှုကြောင့် အပင်နှင့် တိရစ္ဆာန်များ ရောဂါဒဏ်ခံနိုင်စွမ်းမြင့်မားခြင်း၊ ရေစီးဆင်းမှုနှင့် ရေသယံဇာတ၊ မြေဆီလွှာကို ထိန်းသိမ်းပေးခြင်း၊ ကာဗွန်စုပ်ယူ သိုလှောင်ပေးခြင်း၊ လေထုညစ်ညမ်းမှုကို လျှော့ချပေးခြင်းဖြင့် **သဘာဝစနစ်တည်ငြိမ်ရေး**ကို အထောက်အကူပြုပါသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံအရင်းအမြစ်ဖြစ်သဖြင့် **စားရေရိက္ခာဖူလုံရေး**အတွက် အလွန်အရေးပါပါသည်။ ဆေးဖက်ဝင်အပင်များအပါအဝင် သဘာဝအပင်များနှင့် သက်ရှိများမှ ဆေးဝါးအသစ်များ ထုတ်လုပ်နိုင်သဖြင့် **ကျန်းမာရေးနှင့် ဆေးဝါးဖွံ့ဖြိုးရေး**အတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ သစ်၊ ဝါး၊ ကြိမ်၊ ဆေးဖက်ဝင်အပင်များ အစရှိသည့် သစ်တောထွက်ပစ္စည်းများနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများမှ ဝင်ငွေရရှိစေနိုင်ခြင်း၊ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ထောက်ပံ့ပေးခြင်းဖြင့် **စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု**အတွက်လည်း အလွန်အရေးပါပါသည်။

### ဆေးဖက်ဝင်အပင်များနှင့် ရနံ့မွှေးသောအပင်များ

"နွယ်မြက်သစ်ပင် ဆေးဖက်ဝင်" ဆိုသည့်ဆိုရိုးစကားအတိုင်း အပင်အမျိုးမျိုးနှင့် ဆေးဖက်ဝင်အပင်များကို ကျန်းမာရေး၊ အလှအပနှင့် အစားအသောက်များအဖြစ် သုံးစွဲကြပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း တိုင်းရင်းဆေးဖက်ဝင် အပင်များကို ရောဂါကုသမှု၊ ကျန်းမာရေး ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အစဉ်အလာကြီးမားစွာ အသုံးပြုလာကြပါသည်။

ဆေးဖက်ဝင်အပင်များနှင့် ရနံ့မွှေးသောအပင်များ (Medicinal and Aromatic Plants – MAPs) သည် လူသားကျန်းမာရေး၊ လူမှုဘဝသာယာဝပြောရေးနှင့် သဘာဝဂေဟစနစ် တည်ငြိမ်မှုအတွက် မဖြစ်မနေလိုအပ်သော သဘာဝအရင်းအမြစ်များ ဖြစ်ပါသည်။ အဆိုပါအပင်များသည် ရိုးရာကျန်းမာရေးစနစ်များ၏ အခြေခံအုတ်မြစ်ဖြစ်ပြီး ခေတ်မီဆေးပညာတွင် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ကာ အလှကုန်၊ အစားအသောက်၊ စိုက်ပျိုးရေးနှင့် အဖိုးတန် လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုမှသည် စက်မှုလုပ်ငန်းများအထိ အမျိုးမျိုးသောလုပ်ငန်းကဏ္ဍများကို ထောက်ပံ့ပေးလျက်ရှိပါသည်။

ကမ္ဘာတစ်ဝန်းတွင် ဆေးဖက်ဝင်နှင့် ရနံ့မွှေးသောအပင်များ မျိုးစိတ် ၅၀၀၀၀ မှ ၇၀၀၀၀ ခန့်ကို ရောဂါကာကွယ်ရေး၊ ကုသရေး၊ ယဉ်ကျေးမှုဆိုင်ရာ အရေးပါမှု၊ စီးပွားရေးတန်ဖိုးအပေါ် မူတည်ပြီး စုဆောင်းအသုံးပြုလျက်ရှိပါသည်။ အဆိုပါမျိုးစိတ်များအနက် ၁၃၀၀ နီးပါးသည် မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွန်ဗင်းရှင်း (CITES) ၏ နောက်ဆက်တွဲများ (Appendices) တွင် ထည့်သွင်းထားပြီး နောက်ဆက်တွဲ (၂) (Appendix II) တွင် မျိုးစိတ် ၈၀၀ ကျော် ပါဝင်ပါသည်။ နောက်ဆက်တွဲ (၂) တွင် ပါဝင်ခြင်းသည် ထိုမျိုးစိတ်များကို မျိုးသုဉ်းပျောက်ကွယ်မှုမှ တားဆီးကာကွယ်နိုင်ရန်အတွက် နိုင်ငံတကာကုန်သွယ်ရာတွင် စနစ်တကျကြီးကြပ်ထိန်းချုပ်စနစ်များဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း ဖော်ပြချက်ဖြစ်ပြီး အလွန်အကျွံထုတ်ယူခြင်း၊ ကုန်သွယ်ခြင်းအပါအဝင် ရေရှည်တည်တံ့မှုမရှိသော ကုန်သွယ်မှုများကြောင့် မျိုးစိတ်များပျောက်ကွယ်နိုင်မှုမဖြစ်စေရန် ကာကွယ်ထားခြင်းဖြစ်ပါသည်။



ဆေးဖက်ဝင်အပင်များနှင့် ရနံ့မွှေးသောအပင်များသည် အများပြည်သူကျန်းမာရေးစနစ်များ၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ခန့်မှန်းချက်အရ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှ ၉၅ ရာခိုင်နှုန်းအထိသည် မူလကျန်းမာရေးစောင့်ရှောက်မှုအတွက် ရိုးရာဆေးပညာကို အားထားအသုံးပြုနေကြသည်ဟု ဆိုပါသည်။ နိုင်ငံပေါင်း ၁၇၀ ခန့်သည် တိုင်းရင်းဆေးဖက်ဝင်အပင်များကို သုံးစွဲလျက်ရှိကြောင်းနှင့် နောက်ဆုံးပေါ် ဆေးဝါးများ၏ ၂၅ ရာခိုင်နှုန်းကျော်ကို အပူပိုင်းသစ်တောများမှ ရရှိလျက်ရှိကြောင်း သိရပါသည်။ ခေတ်မီဆေးဝါးများအတွက် အသုံးပြုသော အဓိကဒြပ်ပေါင်းများ၏ အများစုမှာ သဘာဝအရင်းအမြစ်များမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အသုံးပြုထုတ်လုပ်ထားခြင်းဖြစ်ပါသည်။ ပေါင်းစပ်ဓာတုဗေဒပညာရပ်များ (Synthetic Chemistry) ဖွံ့ဖြိုးတိုးတက်လာသော်လည်း သဘာဝအပင်အရင်းအမြစ်များက ဆေးဝါးအသစ်များ ဖန်တီးထုတ်လုပ်ရေးတွင် အရေးပါနေဆဲဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ကျေးလက်နေပြည်သူလူထုနှင့် တိုင်းရင်းသားလူမျိုးစု အများစုသည် ရိုးရာဓလေ့ထုံးတမ်းစဉ်လာအရ ဆေးဖက်ဝင်အပင်အမျိုးမျိုးကို ရောဂါကုသမှုအတွက် နည်းလမ်းအမျိုးမျိုးဖြင့် အသုံးပြုလျက်ရှိကြောင်း သုတေသနစစ်တမ်းများအရ သိရှိရပါသည်။ ရှေးယခင်ကတည်းက အမွှေးနံ့သာပင်များနှင့် ဆေးဖက်ဝင်အပင်များကို တိုင်းရင်းဆေးပညာတွင် အကျိုးရှိစွာ အသုံးပြုခဲ့ကြပြီး နံ့သာဖြူ (ခေါ်) စန္ဒကူး *(Santalum album)*၊ နံ့သာနီ *(Pterocarpus santalinus)*၊ သစ်မွှေး (ခေါ်) အကျော် *(Aquilaria malaccensis)*၊ ကရမက် *(Mansonia gagei)*၊ စမွှာ(ခေါ်) စံကားဝါ *(Magnolia champaca)* တို့ကို နံ့သာငါးပါးဟုပင် ခေါ်ဝေါ်သတ်မှတ် အသုံးပြုကြပါသည်။ အဆိုပါအပင်များ၏ အမြစ်၊ အခေါက်၊ အရွက်၊ အပွင့်နှင့် အနှစ်သားများကို စိတ်ရွှင်လန်းစေခြင်း၊ ကိုယ်ပူဖျားနာခြင်း၊ အရေပြားရောဂါများ၊ သွေးသားသန့်စင်စေခြင်း၊ အနာရောဂါအမျိုးမျိုးစသည့် ရောဂါဝေဒနာများစွာအတွက် ကုသရာတွင် အသုံးပြုခြင်း၊ ၎င်းတို့၏ အနှစ်သားမှ အဆီထုတ်ယူ၍ အမွှေးနံ့သာ (နံ့သာငါးပါး)အဖြစ် စီးပွားဖြစ်တွင်ကျယ်စွာ အသုံးပြုကြပါသည်။ ဆေးဖက်ဝင်နှင့် ရနံ့မွှေးသောအပင်များသည် ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးတို့ကို ချိတ်ဆက်ပေးသော အရေးပါသည့် သဘာဝအရင်းအမြစ်များဖြစ်ပြီး အလွန်ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိသည့်သောကြောင့် ရေရှည်တည်တံ့စေရေးအတွက် အထူးအလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။

> **“ဆေးဖက်ဝင်အပင်များနှင့် ရနံ့မွှေးသောအပင်များကို သဘာဝတောများမှ စုဆောင်းရာတွင် စည်းကမ်းတကျ စီမံခန့်ခွဲဆောင်ရွက်ခြင်း၊ စိုက်ပျိုးထုတ်လုပ်ခြင်းကို အားပေးမြှင့်တင်ခြင်း၊ ဒေသခံပြည်သူလူထုပါဝင်သည့် ထိန်းသိမ်းရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းတို့သည် အရေးကြီးလှပါသည်။ ထို့အပြင် သုတေသနနှင့် ခေတ်မီနည်းပညာများအသုံးပြု၍ အပင်မျိုးကောင်းမျိုးသန့်များကို စိုက်ပျိုးထိန်းသိမ်းကာ တန်ဖိုးမြှင့်ထုတ်ကုန်များ ဖန်တီးထုတ်လုပ်ခြင်းဖြင့် စီးပွားရေးအကျိုးကျေးဇူးများကိုလည်း တိုးမြှင့်နိုင်မည်”**

### ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်တန်ဖိုး

ဆေးဖက်ဝင်အပင်များနှင့် ရနံ့မွှေးသောအပင်များနှင့်ဆက်စပ်သော ရိုးရာဆေးပညာဈေးကွက်များသည် အလွန်တန်ဖိုးကြီးပါသည်။ **ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့** သတင်းအချက်အလက် ဖော်ပြချက်များအရ တရုတ်ရိုးရာဆေးပညာ၏ ကမ္ဘာလုံးဆိုင်ရာဝင်ငွေသည် ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၃ ဘီလီယံခန့်၊ ကိုရီးယားသမ္မတနိုင်ငံတွင် ရိုးရာဆေးပညာကဏ္ဍ၏ နှစ်စဉ်အသုံးစရိတ်သည် ၂၀၀၉ ခုနှစ်တွင် ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံခန့်၊ အမေရိကန်နိုင်ငံတွင် သဘာဝထုတ်ကုန်များအတွက် ပုဂ္ဂလိကအသုံးစရိတ်သည် ၂၀၀၈ ခုနှစ်တွင် ဒေါ်လာ ၁၄ ဒသမ ၈ ဘီလီယံခန့်နှင့် ဥရောပတွင် ဆေးဖက်ဝင်အပင်အခြေခံ ဖြည့်စွက်ဆေးများနှင့် ဆေးဝါးများ၏ ဈေးကွက်တန်ဖိုးသည် နှစ်စဉ် ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံခန့်ဟု ခန့်မှန်းထားသည်။

**စာမျက်နှာ ၁၃ သို့** ◆

# တပေါင်းလပြည့်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား



ရန်ကုန် မတ် ၂

ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် တပေါင်းလပြည့်နေ့ဖြစ်သည့် အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တပေါင်းလပြည့်နေ့ ဆွမ်းတော်ကြီးတင်လှူဆက်ကပ်လှူဒါန်းပွဲနှင့် (၂၆၁၄)နှစ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်အောင်ပွဲ ရေစက်ချ အခမ်းအနားကို ယနေ့နံနက်ပိုင်းမှစတင်၍ စေတီတော်ရင်ပြင် သတ်မှတ်နေရာများ၌ ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တပေါင်းလပြည့်နေ့ ဆွမ်းတော်ကြီးတင်လှူ ဆက်ကပ်လှူဒါန်းပွဲကို နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် မြောက်ဘက်မုခ်ရှိအောင်မြေ၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဂေါပကရုံးဝန်ထမ်းများက ဆွမ်းတော် ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်ရွှေတိဂုံစေတီတော်(၂၆၁၄)နှစ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော်အောင်ပွဲ ရေစက်ချ အခမ်းအနားကို ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူ့ရှင်များ တက်ရောက်ကြည်ညိုကြသည်။

ယင်းနောက်ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တဇောဂရ ထံမှ ဩဇ္ဈပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးအောင်ဇေယျလင်းက ရေစက်ချ အနုမောဒနာစာတမ်းလွှာကို လျှောက်ထားသည်။

ဆက်လက်၍ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များအား ဂေါပကအဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဘဒ္ဒန္တနာရဒါဘိဝံသ (လှုရတနာဆရာတော်)ထံမှ ဩဇ္ဈပရိသတ်များက အနုမောဒနာတရားနာကြား၍ ရေစက်ချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကြသည်။

ထို့နောက် စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များအား ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ တပေါင်းလပြည့်နေ့တွင် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်၊ မဟာဝိဇယ စေတီတော်၊ ဆူးလေစေတီတော်၊ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၊ ဝရဒါဋ္ဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ မင်းဓမ္မကုန်းရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရွှေဘုန်းပွင့်စေတီတော်၊ သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင် စေတီတော်နှင့် ဆုတောင်းပြည့်မယ်လမု စေတီတော် ကိုးထပ်ကြီးဘုရားတို့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်းကားများပြားလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရွှေစာရံမြတ်စွာဘုရား(၇၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အခမ်းအနား ကျင်းပ



ပုသိမ်ကြီး မတ် ၂

ပုသိမ်ကြီးမြို့နယ်ရှိ သစ္စာအဓိဋ္ဌာန် ရွှေစာရံမြတ်စွာဘုရား၏ (၇၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယ ပွဲတော် အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးရွှေဇင်၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ဇော်ဦး၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ အောင်မြေသာစံခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်တို့က ဗုဒ္ဓပူဇနီယပွဲတော် အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အမှတ်တရ သစ်ပင်စိုက်ပျိုးကြသည်။ ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် ဇီဝိတဒါနအဖြစ် ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး စုစုပေါင်း အကောင်ရေ နှစ်သောင်းကို ဒုဋ္ဌဝတီမြစ်အတွင်း လွှတ်ပေးကြပြီး ပွဲဈေးတစ်လျှောက် လိုက်လံကြည့်ရှုကာ မြန်မာ့ခြင်းအလှခတ်ပွဲကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လှမြင့်နှင့် ဝန်ကြီးများသည် သစ္စာအဓိဋ္ဌာန် ရွှေစာရံမြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်း၊ ပန်း၊ ရေချမ်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသန္တက မဟာဓမ္မဗိမာန်တော်ကြီးတွင် ဆက်လက်ကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဖူးမြော်ပြီး နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး မြို့နယ်သံဃနာယကအဖွဲ့ နာယက ဆရာတော် ဘဒ္ဒန္တဃောသိတ ထံမှ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသည့် ပရိတ်တရားတော်များကို နာယူကြည်ညို၍ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

ဇာနည်ကိုကို(ပြန်/ဆက်)

# မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံး၌ ကျန်ရစ်သူ အကျိုးခံစားခွင့်(ငွေလုံးငွေရင်း) ထုတ်ပေး

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် Max Energy ဆီဆိုင်မှ အာမခံအလုပ်သမားအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်(ငွေလုံးငွေရင်း)ထုတ်ပေးခြင်း အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားပြီး အာမခံအလုပ်သမား ဦးမျိုးဆန်းထွန်း၏ လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၁၄၇၅၀၀၀၀ ကို မိခင်ဖြစ်သူ ဒေါ်နွယ်နွယ်ထွန်းထံသို့ မှော်ဘီမြို့နယ်ရုံးခွဲ တာဝန်ခံ၊ အလုပ်ဌာနမှ တာဝန်ရှိသူများရှေ့တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

ရဲရင့်သိန်းထွန်း



# သာယာဝတီမြို့နယ် သာယာဝတီဈေးနှင့် သုံးဆယ်မြို့ဈေးတို့တွင် မီးဘေးကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်



သာယာဝတီ မတ် ၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေး၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးတင်မိုးလှိုင် ဦးစီးသော ဈေးတာဝန်ရှိ ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးခင်မောင်လွင် ခေါင်းဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သာယာဝတီ မြို့မဈေးနှင့် သုံးဆယ်မြို့ဈေးတို့တွင် မီးဘေးကာကွယ်နိုင်ရေးအတွက် ဈေးအတွင်း လှည့်လည်စစ်ဆေးခြင်း၊ ဈေးသူ ဈေးသားများအား စုရုံးပြီး ဆွေးနွေးပို့ချခြင်း၊ မီးသတ်ကားများဖြင့် ရေဖျန်းခြင်းနှင့် မီးသတ်ဆေးဘူးများဖြင့်သရုပ်ပြ မီးငြိမ်းသတ်ခြင်းတို့ပြုလုပ်ပြီး မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက်ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

# မြိတ်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ



မြိတ် မတ် ၂

တနင်္သာရီတိုင်း ဒေသကြီး မြိတ်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက အဆိုပါအသင်းစု ခန်းမ၌ ကျင်းပသည်။

နှစ်ပတ်လည် အစည်းအဝေး၌ သဘာပတိအသင်းစု ဒုတိယဥက္ကဋ္ဌ ဦးထွန်းမင်းနှင့် မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိဒေါ်စမ်းစမ်းမိုးတို့က အမှာစကားပြောကြားကြသည်။ ယင်းနောက် အသင်းစု၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် စာရင်းစစ်အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းများကို တာဝန်ရှိသူများက ဖတ်ကြားကြ၍ အစီရင်ခံစာများကို အသင်းဝင်ကိုယ်စားလှယ်များက အသင်းစု၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အကြံပြု ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

# ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပ



ကျိုက်ထို မတ် ၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌တည်ရှိသည့် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီး၏ ရောင်တော်ဖွင့်လှစ်ခြင်းနှင့် (၁၂) ကြိမ်မြောက် ကျောက်လုံးတော်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ပွဲအခမ်းအနားကို မတ် ၂ ရက်တွင် ဆံတော်ရှင်ကျိုက်ထီးရိုး ရင်ပြင်တော်၌ ကျင်းပသည်။

ဦးစွာ ကျိုက်ထီးရိုးရင်ပြင်တော်ရှိ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး၌ ကျိုက်ထီးရိုးစေတီတော် ဩဝါဒါစရိယဆရာတော်များအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး စိန်မင်းထွန်း၊ ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားတွင် ဩဝါဒါစရိယ ဆရာတော် ၁၅ ပါးက ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပြီး စေတီတော်မြတ်ကြီးအား ဆရာတော်ကြီးများနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပူဇော်ခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

# တပေါင်းလပြည့်နေ့တွင် မန္တလေးမြို့ရှိ ဘုရားစေတီပုထိုးများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

မန္တလေး မတ် ၂

ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်များတွင် တစ်ရက်အပါအဝင်ဖြစ်သည့် တပေါင်းလပြည့်နေ့ (တပေါင်းပွဲတော်)တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားစေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ မန္တလေးမြို့ရှိ ဒေသခံပြည်သူများနှင့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာ ပြည်သူများသည် မဟာမုနိရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြကာ ကုသိုလ်ကောင်းမှု ပြုလုပ်ကြသည်။

ထို့အတူ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်သည့် ရွှေကျီးမြင်မြတ်စွာဘုရား၊ မန္တလေးတောင်ခြေရှိကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရားနှင့် အောင်တော်မူဘုရား၊ ဘုရားနီဘုရားတို့၌လည်း ပြည်သူများက ကုသိုလ်ပြုဆုတောင်းခြင်း၊ ဘုရားစေတီများ၏ အေးချမ်းသည့် အရိပ်အာဝါသအောက်တွင် တရားဘာဝနာပွားများအားထုတ်ခြင်းတို့ကို စိတ်အေးချမ်းသာစွာ ဆောင်ရွက်ကြသည်ကို တွေ့မြင်ရသည်။

ထို့ပြင် မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားနှင့် အနီးဝန်းကျင်ရှိ စေတီပုထိုးများ၌လည်း ဗုဒ္ဓပူဇနိယပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ကုသိုလ်ပြု ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားခဲ့သည်။



မန္တလေးမြို့ခံ ကိုကျော်မင်းထွန်းက "ဗုဒ္ဓဘာသာဝင်တွေရဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့ တပေါင်းလပြည့်နေ့ အခါသမယမှာ အခုလို မိသားစု၊ ဆွေမျိုးမိတ်ဆွေတွေနဲ့အတူ ဘုရားဖူးမြော်ခွင့်၊ ကုသိုလ်ကောင်းမှုပြုခွင့်ရတဲ့အတွက် ဝမ်းမြောက်ကြည်နူးရပြီး စိတ်နှလုံးအေးချမ်းရပါတယ်။ နောက်ပြီး ကျွန်တော်တို့ရဲ့ ရိုးရာအစဉ်အလာမပျက် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပတဲ့ ရွှေစာရံဘုရားပွဲတော်ကြီးမှာ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေ၊ တိုင်းရင်းသားတွေနဲ့အတူ တစ်ခဲနက်ပါဝင်ဆင်နွှဲရတဲ့အတွက် ကြည်နူးပီတိဖြစ်ရပါတယ်။ ဒီလို ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေကို မျိုးဆက်သစ်လူငယ်တွေ သိရှိနားလည်ပြီး ပါဝင်ဆင်နွှဲတာကိုလည်း မြင်တွေ့ခဲ့ရပါတယ်။ ဘုရားဖူးပြီးရင် ရိုးရာပွဲဈေးတန်းတွေနဲ့ ဒေသထွက်ကုန်တွေကို လှေ့လာဝယ်ယူမယ်၊ ဒုဋ္ဌဝတီမြစ်အတွင်းမှာ ရေကစားပြီး မိသားစုနဲ့အတူ ပျော်ရွှင်စွာ အပန်းဖြေ အနားယူသွားပါမယ်"ဟု ပြောသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရှေးဟောင်းသမိုင်းဝင် သစ္စာအဓိဋ္ဌာန်အောင် ရွှေစာရံဘုရားကြီး၏ (၇၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ မန္တလေးမြို့သူ မြို့သားများနှင့်အတူ အနယ်နယ်အရပ်ရပ်မှ ပြည်သူများ၊ အနီးပတ်ဝန်းကျင်ရှိ ရှမ်းတိုင်းရင်းသားများပါ လာရောက်ဆင်နွှဲကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါဘုရားပွဲတော်တွင် ရိုးရာပွဲဈေးတန်းများအပြင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပလျက်ရှိသည်။

ပွဲဈေးတန်းအတွင်း တောင်ပေါ်မြေပြန့် ဒေသထွက်စားသောက်ကုန်များ၊ မြန်မာ့ချည်ထည်ဝတ်စုံနှင့် အထည်အမျိုးမျိုး၊ ကျေးလက်ဒေသထွက်ကုန်သီးနှံများ၊ ဆေးဖက်ဝင်အပင်များ၊ အသုံးအဆောင်ပစ္စည်းများ၊ မြန်မာ့ရိုးရာမုန့်အမျိုးမျိုးနှင့် အမှတ်တရပစ္စည်းများကို နွားလှည်းများ၊ မော်တော်ယာဉ်များနှင့် ဆိုင်ခန်းများဖြင့် စနစ်တကျ ခင်းကျင်းရောင်းချပေးလျက်ရှိရာ ပွဲတော်လာပြည်သူများက အမှတ်တရ ဝယ်ယူကြသည်။

ထို့ပြင် ဘုရားအနီးရှိ ဒုဋ္ဌဝတီမြစ်အတွင်း ရေချိုးဆော့ကစားခြင်း၊ လှေစီးခြင်းနှင့် အပန်းဖြေ အနားယူခြင်းတို့ ဆောင်ရွက်ကြသည့် ဘုရားပွဲလာပြည်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**သတင်း – မင်းထက်အောင် (မန်းကိုယ်ပွား)**
**ဓာတ်ပုံ – ဇာနည်ကိုကို(ပြန်/ဆက်)**



# မင်းတုန်းမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး လိုက်လံဆော်ဩ

မင်းတုန်း မတ် ၂

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် ယမန်နေ့ ညနေပိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို မီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံဆော်ဩခဲ့ကြသည်။

ထိုသို့ဆော်ဩရာတွင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များဖြစ်သည့် နေအိမ်အဆောက်အအုံတိုင်းတွင် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေပုံး၊ လှေကားနှင့် မီးသတ်ဆေးဘူးများ ထားရှိရန်၊ မီးဖိုမီးများအား စနစ်တကျအသုံးပြုရန်၊ အမှိုက်ပုံလောင်စာများ စနစ်တကျ စွန့်ပစ်ရန်၊ လေပြင်းများတိုက်ခတ်လာပါက မီးဖိုမီးသုံးစွဲခြင်း မပြုရန်၊ ဂက်စ်မီးဖိုအသုံးပြုပါက လေဝင်၊ လေထွက်ကောင်းမွန်အောင် ပြုလုပ်ရန် ပျက်စီးချို့ယွင်းနေသော မီးကြိုးများ၊ မီးခလုတ်များ၊ လျှပ်စစ်ပစ္စည်းကိရိယာများကို အသုံးမပြုကြရန်၊ တောမီးတားလမ်းများ ပြုလုပ်ထားရန် ဆော်ဩခဲ့ကြောင်း သိရသည်။ **ချင်းကလေး (NRDC)**

# တောင်ကြီးမြို့ မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးဘေးအသိပညာပေးဟောပြော

တောင်ကြီး မတ် ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ မြို့မဈေးကြီး၌ မတ် ၂ ရက် နံနက်ပိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးဘေးအသိပညာပေး ဟောပြောသည်။

ဦးစွာ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်က အမှာစကား ပြောကြားပြီး တောင်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးမြင့်သန်းက



ဈေးသူ ဈေးသားများနှင့် ဒေသခံ အခြေခံ သဘောတရားများ၊ ပြည်သူများအား မီးလောင်မှု မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုပုံများနှင့် စပ်လျဉ်း၍ မီးဘေးကြိုတင် ကာကွယ်ရေး အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်သန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံ ဦးခင်အေးနှင့် ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများက မီးလောင်မှုဖြစ်ပွားခြင်းတို့ကို မီးသတ်ဆေးဘူးများ၊ မီးငြိမ်းသတ် အကူပစ္စည်းများဖြင့် ငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**စိုးလင်း(တောင်ကြီး)**



(၈၁)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁)တပ်မတော် ထောက်ပံ့နှင့် ပို့ဆောင်ရေးကျောင်း (တောင်ငူ)မှ အရာရှိ၊ စစ်သည်၊ ရဲမေများ၏ ဒွါဒသမအကြိမ်မြောက် ဒါနဥပပါရမီ ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းပွဲကို မတ် ၂ ရက်တွင် အမှတ် (၃)စစ်မြေပြင်ဆေးတပ်ရင်း၌ ကျင်းပရာ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး အောင်ကျော်ဦးက (၈၈)ကြိမ်မြောက် ပါဝင်သွေးလှူဒါန်းခဲ့စဉ်။

ဆန်းထွန်း

# ဘားအံမြို့၌ (၆၄)နှစ်မြောက်တောင်သူလယ်သမားနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

**ဘားအံ မတ် ၂**

ပြည်နယ်အတွင်းရှိ တောင်သူလယ်သမား ဦးကြီးများ၏ စွမ်းဆောင်မှုကို ဂုဏ်ပြုမြှင့်တင်ပေးသောအားဖြင့် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ သီရိကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ဖတ်ကြား**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကိုပြည်နယ်ဝန်ကြီးချုပ် သီရိပျံချီ ဦးစောမြင့်ဦးက ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက သီးနှံစိုက်စွမ်းအား ထူးချွန်မြို့နယ်ဆု၊ မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ ပဲပုပ်၊ မတ်ပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေး ထူးချွန်တောင်သူဆုများ၊ ဒေသနွား၊ ဒေသဆိတ်၊ ဥစားကြက်၊ အသားတိုးဝက်၊ အသားတိုးကြက်၊ ဥစားဘဲ၊ ငါးမွေးမြူရေး ထူးချွန်တောင်သူများအား စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ဆုရတောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တက်ရောက်လာသော တောင်သူဦးကြီးများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားပြီး (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ် ခင်းကျင်းပြသရောင်းချလျက်ရှိသော စက်မှုလယ်ယာဦးစီးဌာန၏လယ်ယာသုံးစက်ကိရိယာ အရောင်းပြခန်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာလယ်ယာ ဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးရုံး၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့၏တောင်သူအသိပညာပေး ပြခန်းများ၊ ဒေသထွက် သဘာဝမြေသြဇာ အရောင်းပြခန်းများ၊ ကရင်ပြည်နယ် ဆီကုန်သည်များအသင်း၊ ဆန်ကုန်သည်များအသင်းတို့၏ အရောင်းပြခန်းများ၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန် ဟင်းသီးဟင်းရွက်၊ အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် နို့အရောင်းပြခန်းများ၊ ကိုယ်တိုင်စိုက်ပျိုးမွေးမြူ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်း အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# BOT စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်နေကြသည့် ကုမ္ပဏီများအနေဖြင့် စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်လိုအပ်

**နေပြည်တော် မတ် ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မြခွာညိုလမ်းရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် သိုလှောင်ရုံများကို BOT စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်လျက်ရှိကြသည့် ငွေရည်ပုလဲကုမ္ပဏီ၊ သိန်းထွန်းအောင်ကုမ္ပဏီနှင့် ဒဂုံတောင်ပိုင်းမြို့နယ်ရှိ သီရိမြင့်မြတ်ကုမ္ပဏီတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ငှားရမ်းရေးစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန်၊ မီးဘေးကြိုတင်ကာကွယ်ရေး ပြင်ဆင်ဆောင်ရွက်ထားကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဇဟိုဌာနသို့ သွားရောက်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် သုတေသနလုပ်ငန်းများနှင့် ဆင်းရွှေကြာ(၂)မျိုးမြှင့်တင်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန လေးထောင့်ကန် ငါးလုပ်ငန်းစခန်းသို့ သွားရောက်၍ ရှားပါးလာသည့် တိုင်းရင်းငါးမျိုးစိတ်များဖြစ်သည့် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ ရေချိုငါးမုတ်နှင့် ငါးတန်ငါးများကို သုတေသနပြုသားဖောက်နေမှု၊ ဆေးထိုးသားဖောက်ရာသီတွင် ငါးဆေးထိုးသားဖောက်သင်တန်းများ ဆောင်ရွက်နေမှုနှင့် ငါးသားပေါက် ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ငါးမျိုးကောင်းမျိုးသန့်များ တိုးတက်ဖြန့်ဖြူး ထုတ်လုပ်ကြရန် ၊ ငါးသားပေါက်များနှင့် မွေးမြူနည်းစနစ်များကို ငါးမွေးမြူသူများထံသို့ ဖြန့်ဖြူးပေးကြရန်နှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားအောင် လေ့ကျင့်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ယနေ့တွင် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ငါးလုပ်ငန်းဦးစီးဌာနပိုင်မြေအား BOT စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်နေသည့် Fortune Commercial City က တည်ဆောက်လျက်ရှိသည့် ရိုးကြီးချောင်းတံတား တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တာဝန်ရှိသူများ၊ ငါးလုပ်ငန်းဦးစီးဌာနပိုင်မြေအား BOT စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်လျက်ရှိကြသည့် ရေထွက်ကုန် ပြုပြင်အေးခဲစက်ရုံများမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# အုတ်ဖိုမြို့၌ မီးဘေးလုံခြုံရေး သရုပ်ပြပွဲကျင်းပ

**အုတ်ဖို မတ် ၂**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့ မြို့မဈေး မီးဘေးလုံခြုံရေး သရုပ်ပြပွဲကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့မစည်ပင်သာယာဈေးအတွင်း ယမန်နေ့က ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်ပိုင်ဖြိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဖြိုးဝေအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီအဖွဲ့ဝင်များက မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသင့်တပ်ဆင်ထားသော မီးသတ်အင်ဂျင်စက်များ၊ ရေပန့်များ၊ မီးသတ်ဆေးဘူးများ၊ မီးသတ်ရေကန် ရေသိုလှောင်ထားရှိမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဈေးသူဈေးသားများနှင့်အတူ လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်းသိရသည်။ **အောင်သူ(အုတ်ဖို)**

# ဆိပ်ကြီးခနောင်တိုမြို့နယ်၌ နစ်နာကြေးပေးအပ်နိုင်ရေး တွေ့ဆုံဆွေးနွေး

**ဆိပ်ကြီးခနောင်တို မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်၌ တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဧရိယာနှင့် မလွတ်ကင်းသည့် ဆိပ်ကြီးအရှေ့ရပ်ကွက် တွံတေးတူးမြောင်းပိုင်မြေနေရာရှိ အဆောက်အအုံနှင့် မြေနေရာများအတွက် နစ်နာကြေးပေးအပ်နိုင်ရေး လူထုတွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်သည်။



ဆွေးနွေးပွဲတွင် တွံတေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွှန့်နွယ်က အမှာစကားပြောကြားပြီး စီမံကိန်းဒါရိုက်တာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လွင်က တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်သူလူထုအား အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆိပ်ကြီးခနောင်တိုမြို့နယ် တွံတေးတူးမြောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဧရိယာနှင့် မလွတ်ကင်းသည့် ဆိပ်ကြီးအရှေ့ရပ်ကွက် တွံတေးတူးမြောင်းပိုင်မြေနေရာရှိ အဆောက်အအုံနှင့် မြေနေရာများအတွက် နစ်နာကြေးအား သက်ဆိုင်ရာ ပြည်သူလူထုထံသို့ မတ် ၄ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စနစ်တကျပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။ **ဝေယံ(ပြန်/ဆက်)**



**ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းကို မူဆယ်မြို့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မတ် ၁ ရက်က ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးနေဝင်းတိုး ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကျော်မျိုး၊ ဦးစီးအရာရှိ ဦးလွှမ်းမိုးအောင်နှင့် ခရိုင်/မြို့နယ် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်နှင့် ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်စဉ်။**

ချယ်ရီမြေ(မူဆယ်)

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားတက်ရောက်

ပုသိမ် မတ် ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် မရမ်းချောင်းကျေးရွာတွင် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်သည်။

ဦးစွာ တောင်သူလယ်သမားနေ့ အခမ်းအနားမုခ်ဦးဆိုင်းဘုတ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးတို့နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်အဖြစ် စိုက်ပျိုးပြသထားသည့် ဆီထွက်သီးနှံနေကြာစိုက်ခင်း၊ သစ်သီးဝလံပန်းမန်ဥယျာဉ်၊ အိမ်ခြံဝန်းဟင်းခင်းပဒေသာငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးကန်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပြသထားသည့် သီးနှံစုံ



စိုက်ခင်းများနှင့် ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကိုကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားပြီး "စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ကြမ်းမှ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် တောင်သူလယ်သမားနေ့အခမ်းအနားသည် ရုပ်ဝတ္ထုသဏ္ဌာန်အားဖြင့် ပြည့်စုံသည်ဟု ပြောရမည်ဖြစ်သော်လည်း မိမိတို့အနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် များစွာရှိနေပါကြောင်းနှင့် ပို့ကုန်နှစ်ဆတိုးမြှင့်ရေးအတွက် ယခုအခမ်းအနားသို့ တက်ရောက်လာကြသည့် တောင်သူဦးကြီးများကလည်း ဝိုင်းဝန်းပံ့ပိုးပေးကြစေလိုကြောင်း" တောင်သူလယ်သမားနေ့အထိမ်းအမှတ် ဂုဏ်ပြုစကားဆက်လက်ပြောကြားသည်။

ယင်းနောက် မိုးစပါးသီးနှံစိုက် ထူးချွန်တောင်သူဆု၊ ပီလောပီနံ သီးနှံစိုက်ထူးချွန်တောင်သူဆု၊ ပဲပုပ်- ပဲကြီးသီးနှံစိုက်ထူးချွန်တောင်သူဆု၊ သီဟိုဠ်သီးနှံစိုက်ထူးချွန်တောင်သူဆု၊ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းရှင်ထူးချွန်ဆု၊ ရော်ဘာ၊ နာနတ်စိုက်ပျိုးရေး ထူးချွန်တောင်သူဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး ထူးချွန်ဆုရရှိသူများအား အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများကလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက်၌ မတ် ၁ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး ဦးဆောင်၍ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များက ဈေးကြီးအတွင်း မီးဘေးလုံခြုံရေး စစ်ဆေးစဉ်။ ဇင်မင်းထိုက်(ပြန်ဆက်)



ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မြို့မဈေးအတွင်း ကဝမြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် သရုပ်ပြခြင်းကို ဖေဖော်ဝါရီ ၂၇ ရက်က ပြုလုပ်စဉ်။ ရဲဇော်ဟိန်း(ပြန်/ဆက်)



တောင်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုမီးသတ်ဦးစီးမှူး ဦးချမ်းမြေ့ဟန် ဦးဆောင်၍ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ခြင်းကို ဖေဖော်ဝါရီ ၂၇ ရက်က မြို့ပေါ်ရပ်ကွက်များရှိ လမ်းဆုံ၊ လမ်းခွများ၌ ဆောင်ရွက်ကြစဉ်။ ခင်ဆွေနှင်း(ပြန်/ဆက်)

# မကွေးမြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

မကွေး မတ် ၂

မကွေးမြို့နယ်အတွင်းရှိ မိဘပြည်သူများ၊ သက်ကြီးဘိုးဘွားများ၊ ကလေးသူငယ်များနှင့် ကျောင်းသား ကျောင်းသူများ မီးဘေးလုံခြုံရေးနှင့် အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းက မကွေးတက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။



ဦးစွာ မကွေးတိုင်းဒေသကြီး လျှပ်စစ် အင်ဂျင်နီယာဌာနမှ တာဝန်ရှိသူတစ်ဦးက လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် သတိထားရမည့်အချက်များ၊ ဓာတ်အားလိုင်းကြိုးများ ပြတ်ကျခြင်း၊ လျော့ကျနေခြင်း၊ ဓာတ်အားလိုင်း ကြိုးများပေါ်သို့ သစ်ပင်များ၊ သစ်ကိုင်းများ ကျိုးကျနေခြင်း၊ ဆားဗစ်ကြိုးများ လျော့ကျနေခြင်း၊ ပြတ်ကျခြင်းများဖြစ်ပါက ကိုင်တွယ်ခြင်းမပြုရန်၊ ဓာတ်လိုက်နေသူများကိုတွေ့ရှိပါက လက်နှင့်မဆွဲရန်၊ ရေစိုလက်၊ ရေစိုဖိနပ်စီး၍ လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးမပြုရန်၊ ပျက်စီးနေသောမီးပလတ်၊ ဆော့ကက်များကို မသုံးစွဲရန်နှင့် အန္တရာယ်ရှောင်ရှားနိုင်ရန်တို့ကို အသိပညာပေးဟောပြောသည်။

အသိပညာပေး ဟောပြောပွဲသို့ မကွေးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့်ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ပြီး လျှပ်စစ်အန္တရာယ်ကင်းဝေးရေး အသိပညာပေးလက်ကမ်းစာစောင်နှင့် စတစ်ကာများကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း (ပြန်/ဆက်)**

# ကလောမြို့နယ်၌ အာလူးစိုက်ပျိုးထားရှိမှု တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

တောင်ကြီး မတ် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မတ် ၁ ရက်တွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကလောမြို့နယ် သမဝါယမဦးစီးဌာနဝန်ထမ်းများနှင့် မြို့နယ်သမဝါယမအသင်းစု အမှုဆောင်များအားတွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်ရာတွင် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကလောမြို့နယ် ဝါးရုံပင်ကျေးရွာရှိ ရွှေရင်အေး မျိုးစေ့ထုတ်လုပ်ရေးသမဝါယမအသင်းမှ အာလူးစိုက်ပျိုးထားရှိမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အသင်းမှ လိုအပ်သောသွင်းအားစုများ ပြတ်လပ်မှုမရှိစေရေးနှင့် ငွေကြေးအရင်းအနှီးများရရှိစေရေး သက်ဆိုင်ရာမြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။



**ဝိုးတောင်း**

# ပခုက္ကူမြို့၌ မီးဘေးအန္တရာယ်ကင်းဝေးစေရေး ကွင်းဆင်းဆောင်ရွက်



ပခုက္ကူ မတ် ၂

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ဗုဒ္ဓကုန်းဓာတ်အားခွဲရုံ)၌ မီးဘေးအန္တရာယ် ကင်းဝေးစေရေးကို မတ် ၂ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ လမ်းညွှန်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ မြို့ရှောင်လမ်းရှိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း (ဗုဒ္ဓကုန်းဓာတ်အားခွဲရုံသို့ ကွင်းဆင်း၍ ဓာတ်အားခွဲရုံ တာဝန်ရှိသူများ လျှပ်စစ်ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောကြပြီး လျှပ်စစ်ဝန်ထမ်းများက အရေးပေါ်မီးငြိမ်းသတ်နည်းများ လက်တွေ့လေ့ကျင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

# နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများအား လွတ်ငြိမ်းခွင့်ပြု

**နေပြည်တော် မတ် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတသည် ယနေ့တွင်ကျရောက်သည့် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်းအမှတ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရန်နှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် နိုင်ငံတော်၏မေတ္တာနှင့် စေတနာကိုနားလည်စေရန် ရေးရှု၍ ၂၀၂၆ ခုနှစ် မတ်လ ၂ ရက်နေ့မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေအရ ပြစ်မှုများ၊ မတရားအသင်းများ အက်ဥပဒေအရ ပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေပုဒ်မ ၁၉(စ)အရ ပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက်(အရေးပေါ် ပြစ်ဒဏ်စီရင်မှု) (ယာယီ) အက်ဥပဒေအရ ပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက်(ယာယီပြင်ဆင်ချက်) အက်ဥပဒေအရပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ် လက်နက်အမိန့်အရ ပြစ်မှုများ၊ ၂၀၂၃ ခုနှစ်၊ လက်နက်ဥပဒေအရပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရ ပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်အားလည်းကောင်း၊ နိုင်ငံတစ်ဝန်းရှိ




တောင်ငူမြို့၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သည့် အကျဉ်းသား အကျဉ်းသူများအား တွေ့ရစဉ်။



ကျိုင်းတုံမြို့၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သည့် အကျဉ်းသား အကျဉ်းသူများအား တွေ့ရစဉ်။



လားရှိုးမြို့၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သည့် အကျဉ်းသား အကျဉ်းသူများအား တွေ့ရစဉ်။



မော်လမြိုင်မြို့၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သည့် အကျဉ်းသား အကျဉ်းသူများအား တွေ့ရစဉ်။

အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူ ၂၈၂၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အားလည်းကောင်း ခွင့်ပြုခဲ့သည်။

ထို့ပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က)အရ ပြစ်မှုကျူးလွန်၍ အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူ ၇၃၃၇ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

ယင်းအပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)နှင့် ပုဒ်မ ၅၂(က) ဖြင့်လည်းကောင်း၊ ယင်းပြစ်မှုများဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၂ ဖြင့်လည်းကောင်း တရားစွဲဆိုခံထားရသူ ၁၂၄၈၇ ဦး၏ တရားရုံးကြားနာစစ်ဆေးဆဲ အမှုပေါင်း ၉၅၃၂ မှုကို ပိတ်သိမ်း၍ တရားခံများအား အမှုမှကင်းလွတ်ခွင့်ပြုခဲ့သည်။

နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် အကျဉ်းသူ အကျဉ်းသားများကို ၎င်းတို့ ကျူးလွန်ခဲ့သည့်ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်များ ချမှတ်ခဲ့သော်လည်း အကျဉ်းထောင်နှင့် အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် အခြားရသင့်သည့် လူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်ပေးထားပြီး ယခုပြန်လည်လွတ်မြောက်လာသည့်အချိန်တွင် မိဘဆွေမျိုးများက ဝမ်းပန်းတသာဖြင့် ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၁၃၉၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

**မန္တလေး မတ် ၂**

မန္တလေးမြို့ရှိ မန္တလေးဗဟိုအကျဉ်းထောင်မှ ယနေ့တွင် အကျဉ်းသား၊ အကျဉ်းသူ ၁၃၉၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မန္တလေးဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ကြသည့် အကျဉ်းသား ၁၀၆၅ ဦးနှင့်အကျဉ်းသူ ၃၃၃ ဦးတို့အား မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုဝင်းထွန်းနှင့် တာဝန်ရှိသူတို့က ယနေ့နံနက်ပိုင်းတွင် မန္တလေးဗဟိုအကျဉ်းထောင်၌ တွေ့ဆုံ၍ ဆုံးမသြဝါဒစကားများ ပြောကြားကြသည်။

ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လုပ်အားခဆုငွေနှင့် စားစရိတ်၊ ခရီးစရိတ်ပေးအပ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေး၍ အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။



"ဒီနေ့ လွတ်ငြိမ်းချမ်းသာခွင့်ရတဲ့သူတွေကို နိုင်ငံတော်ကနေ လမ်းစရိတ်နဲ့ ခရီးစရိတ်တွေကို တွက်ချက်ပြီး ထုတ်ပေးပါတယ်။ လုပ်အားခံစားခွင့်ကိုလည်း တွက်ချက်ပြီး ထုတ်ပေးပါတယ်။ ဒေသအလိုက် ပြန်ကြမယ့်သူတွေကို ဌာနပိုင်မော်တော်ယာဉ်တွေနဲ့ သက်ဆိုင်ရာကားဂိတ်တွေဆီ လိုက်လံပို့ဆောင်ပေးပါတယ်။ တကယ်လို့ မိသားစုက လာကြိုတယ်ဆိုရင် ဝမ်းပန်းတသာကြိုဆိုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါတယ်။ အခုလို လွတ်မြောက်ကြတဲ့သူတွေအနေနဲ့ မိသားစုနဲ့အတူ ကျန်းမာစွာပြန်နိုင်ပြီး နိုင်ငံတော်ကိုအကျိုးပြုကာ မိသားစုဘဝတွေ အေးချမ်းသာယာတော့မှာဖြစ်တဲ့အတွက် တာဝန်ခံအရာရှိအနေနဲ့ ဝမ်းသာပီတိဖြစ်မိပါတယ်"ဟု မန္တလေးဗဟိုအကျဉ်းထောင်မှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်မောင်က ပြောသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သူ တစ်ဦးက "အခုလို လွတ်ငြိမ်းခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော်လည်း အိမ်ကိုမြန်မြန်ပြန်ရတဲ့အတွက် အတိုင်းမသိပျော်ရွှင်မိပါတယ်။ အိမ်ကလည်း လာကြိုနေကြပါပြီ။ မိသားစုနဲ့လည်းတွေ့ရပြီး လုပ်စရာရှိတဲ့အလုပ်တွေကိုလည်း ဥပဒေနဲ့အညီ အေးချမ်းစွာဆက်လက်နေထိုင် လုပ်ကိုင်သွားမှာပါ။ ကျွန်တော်တို့လို အကျဉ်းသား အကျဉ်းသူတွေအပေါ် သက်ညှာပြီးတော့ လွတ်ငြိမ်းခွင့်ပေးတဲ့ နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်တွေကို ကျေးဇူးတင်ရှိပါတယ်"ဟု ပြောသည်။

ထို့အတူ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သူတစ်ဦးကလည်း "ကျွန်မအနေနဲ့ ပြစ်ဒဏ်တစ်နှစ်ခွဲကျခံနေရတာပါ။ အခုလို လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပြန်လည်လွတ်မြောက်လာရတဲ့အတွက် ဝမ်းသာမိပါတယ်။ အပြင်မှာ ကျွန်မမိသားစုဝင်တွေ လာကြိုနေကြပါပြီ။ အခုလို လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။ အပြင်ရောက်ရင် အမှားတွေထပ်မလုပ်မိအောင် ဥပဒေဘောင်အတွင်းကနေပဲ နေထိုင်လုပ်ကိုင်သွားပါမယ်"ဟု ပြောသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်ငါးခုနှင့် ကုန်ထုတ်စခန်းခုနစ်ခုမှ အကျဉ်းသား ၁၅၂၉ ဦးနှင့် အကျဉ်းသူ ၄၉၂ ဦး စုစုပေါင်း ၂၀၂၁ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

## မုံရွာအကျဉ်းထောင်မှ အကျဉ်းသား /အကျဉ်းသူ ၃၀၁ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု



**မုံရွာ မတ် ၂**

မုံရွာအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူ အကျဉ်းသား/အကျဉ်းသူ ၃၀၁ ဦးအား ယနေ့တွင် ယင်းတို့ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

ထိုသို့ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုရာတွင် စစ်ကိုင်းတိုင်းဒေသကြီး အကျဉ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ မုံရွာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မုံရွာခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသော အကျဉ်းသား ၂၅၂ ဦး၊ အကျဉ်းသူ ၄၉ ဦး စုစုပေါင်း ၃၀၁ ဦးအား ဆုံးမသြဝါဒစကား ပြောကြားသည်။

ထို့နောက် အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအား ခရီးစရိတ်နှင့် စားစရိတ်များ အသီးသီးပေးအပ်၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာ လွတ်မြောက်လာကြသူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများက မုံရွာမြို့ ရုံးကြီးရပ်ကွက်ရှိ အကျဉ်းထောင်ရှေ့၌ ဝမ်းမြောက်ဝမ်းသာစွာဖြင့် လာရောက်ကြိုဆိုခဲ့ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အကျဉ်းထောင်မှ အကျဉ်းသား /အကျဉ်းသူ ၃၀၁ ဦး၊ ကလေးမြို့ အကျဉ်းထောင်မှ အကျဉ်းသား/အကျဉ်းသူ ၁၁၅ ဦး၊ ကသာမြို့ အကျဉ်းထောင်မှ အကျဉ်းသား /အကျဉ်းသူ ၂၇ ဦး၊ ရွှေဘိုမြို့ အကျဉ်းထောင်မှ အကျဉ်းသား/ အကျဉ်းသူ ၉၀ နှင့် ခန္တီးမြို့ အကျဉ်းထောင်မှ အကျဉ်းသား/အကျဉ်းသူ ၃၁ ဦး စုစုပေါင်း အကျဉ်းသား/ အကျဉ်းသူ ၅၆၄ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အင်းစိန်အကျဉ်းထောင်မှ အကျဉ်းသား / အကျဉ်းသူ ၉၃၃ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိ



**မန္တလေး မတ် ၂**

ရန်ကုန်မြို့ အင်းစိန်ဗဟို အကျဉ်းထောင်မှ အကျဉ်းသား/အကျဉ်းသူ ၉၃၃ ဦးတို့သည် ယနေ့တွင် ပြစ်ဒဏ် လွတ်ငြိမ်းခွင့် ရရှိကြသည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ကြသည့် အကျဉ်းသား/ အကျဉ်းသူများကို အင်းစိန် ဗဟို အကျဉ်းထောင် မိုးလုံလေလုံအားကစားခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးနှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ကိုကိုလွင်တို့က ဆုံးမစကားပြောကြားပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိကြသည့် အကျဉ်းသား / အကျဉ်းသူများကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ YBS ယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။

အင်းစိန်ဗဟို အကျဉ်းထောင်မှ ပြစ်ဒစ်လွတ်ငြိမ်းခွင့်ရရှိကြသည့် အကျဉ်းသား/ အကျဉ်းသူများကို အကျဉ်းထောင်ရှေ့၌ မိဘဆွေမျိုးများက ဝမ်းမြောက်ဝမ်းသာစွာဖြင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ-ကနူး**

## ဟသ်ာတမြို့ အကျဉ်းဦးစီးဌာနမှ အကျဉ်းသား / အကျဉ်းသူ ၁၁၅ ဦးအား ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု

**ဟသ်ာတ မတ် ၂**

ဧရာဝတီ တိုင်းဒေသကြီး ဟသ်ာတမြို့နယ်ရှိ အကျဉ်းဦးစီးဌာနမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ အကျဉ်းသား/ အကျဉ်းသူများ လွှတ်ပေးခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ဟသ်ာတမြို့ ရုံးကြီးရပ်ကွက် ဗိုလ်စောမောင်လမ်းရှိ အကျဉ်းဦးစီးဌာန (ဟသ်ာတ) သီးသန့်တရားရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီကိုယ်စား အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းကျော်ဌေး၊ မြို့မစခန်းမှူး ဒုတိယရဲမှူး မြင့်သိန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဥက္ကာ၊ စစစ ဦးစီးမှူး ဦးလင်းလင်းထက်၊ မြို့နယ်ထွေ/ အုပ်မှ ဒုတိယဦးစီးမှူး ဦးထက်လင်းအောင်နှင့် ထောင်တာဝန်ခံ အရာရှိ ဦးသန်းဇော်ဝင်းတို့က အကျဉ်းသား/ အကျဉ်းသူ စုစုပေါင်း ၁၁၅ ဦးအား တွေ့ဆုံ၍ ဆုံးမသြဝါဒစကားများ ပြောကြားပြီး ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူအကျဉ်းထောင်စခန်းတို့မှ အကျဉ်းသား / အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ရန်ကုန် မတ် ၂**

မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူအကျဉ်းထောင်စခန်းတို့မှ အကျဉ်းသား/အကျဉ်းသူ ၄၂ ဦးအား ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုရာတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မြိတ်အကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား ၁၃ ဦး၊ အကျဉ်းသူ ၁၆ ဦးတို့ကို ဆုံးမစကားပြောကြားပြီး ထောင်လွှတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်များပေး၍ သက်ဆိုင်ရာမြို့နယ်များသို့ ပို့ဆောင်ပေးခဲ့သည်။

ထို့အတူ ကျောက်ဖြူအကျဉ်းထောင် တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူများက ကျောက်ဖြူတောင်ကုန်ထုတ်စခန်းတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား/ အကျဉ်းသူများအနက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား ၁၃ ဦးကို ဆုံးမစကားပြောကြားပြီး ထောင်လွှတ်လက်မှတ်၊ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားရှင်ခံစားခွင့်များပေး၍ သက်ဆိုင်ရာမြို့နယ်များသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကလေးအကျဉ်းထောင်မှ အကျဉ်းသား / အကျဉ်းသူ ၁၁၅ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ကလေး မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အကျဉ်းထောင်မှ အကျဉ်းသား ၈၂ ဦး၊ အကျဉ်းသူ ၃၃ ဦး စုစုပေါင်း ၁၁၅ ဦးတို့အား ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ အကျဉ်းဦးစီးဌာန ဧလပ်ဖြူခန်းမ၌ ကျင်းပသည်။

ဦးစွာ ကလေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စောမြင့်တို့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသား/ အကျဉ်းသူများအား ဆုံးမသြဝါဒစကား ပြောကြားကြသည်။

ထို့နောက်ကလေးအကျဉ်းထောင်မှလက်ထောက်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားကာ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သူများအား ထောင်လွှတ်လက်မှတ်၊ စားစရိတ်နှင့် ခရီးစရိတ်များ ပေးအပ်၍ သက်ဆိုင်ရာ မြို့နယ်များသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိသည်။



**ခရိုင်(ပြန်/ဆက်)**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် သာယာဝတီဗဟိုအကျဉ်းထောင်မှ အကျဉ်းသား / အကျဉ်းသူ ၂၂၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

**သာယာဝတီ မတ် ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီ ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား/ အကျဉ်းသူ ၂၂၈ ဦးတို့အား မတ် ၂ ရက်တွင် ပြစ်ဒဏ်များ လျှော့ပေါ့၍ တာဝန်ရှိသူတို့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးခဲ့သည်။

လွတ်ငြိမ်းခွင့်ပြုခဲ့သည့် အကျဉ်းသားများကို သာယာဝတီ ဗဟိုအကျဉ်းထောင်ခန်းမ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝေယံမင်း၊ သာယာဝတီမြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်ယု၊ သတင်းရဲတပ်ဖွဲ့တပ်ကြပ်ကြီး ထွန်းဇော်လင်းနှင့် တာဝန်ရှိသူများက လွတ်ငြိမ်းခွင့်ပြုပေးသည့်ရည်ရွယ်ချက်နှင့် မိမိတို့ရပ်ရွာအကျိုးကို အများနည်းတူ ပူးပေါင်းဆောင်ရွက်ပြီး အေးချမ်းစွာ ဆက်လက်နေထိုင်ကြရေး ဆုံးမစကားများပြောကြားကာ ရာဇဝတ်ကျင့်ထုံးပုဒ်မ-၄၀၁၊ ပုဒ်မခွဲ (၁)အရ ခံဝန်လက်မှတ်ရေးထိုးခြင်း၊ လွတ်ငြိမ်းခွင့်လက်မှတ်၊ ခရီးစရိတ်နှင့် စားစရိတ်တို့ကို ထုတ်ပေးပြီး မိမိဒေသသို့ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

# အာဆီယံနိုင်ငံများ၏ လျှပ်စစ်ကဏ္ဍ

လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ခြင်းသည် လူတစ်ဦးတစ်ယောက်ချင်း၏ နေထိုင်မှုဘဝ အဆင်ပြေချောမွေ့ခြင်းမှသည် လူမှုဘဝနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း၊ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ခြင်းတို့အတွက် အဓိကအခြေခံအချက် ဖြစ်ပါသည်။

**အာဆီယံနိုင်ငံများ**

၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ စတင်ထူထောင်ခဲ့သော အရှေ့တောင်အာရှနိုင်ငံများအသင်း (The Association of Southeast Asian Nations / ASEAN)တွင် ယခုအခါ ဒေသတွင်းနိုင်ငံများအားလုံး ပါဝင်လျက်ရှိပြီး ချမ်းသာကြွယ်ဝ၍ ငြိမ်းချမ်းသော အသိုက်အဝန်းတစ်ခုအဖြစ် ဖြစ်ထွန်းနိုင်ရန်၊ စီးပွားရေးတိုးတက်ရန်၊ လူမှုဘဝမြှင့်တင်ရန်နှင့် ယဉ်ကျေးမှုဖွံ့ဖြိုးရန်တို့အတွက် အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**လျှပ်စစ်ဓာတ်အားရရှိမှု**


လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးအတွက် ယေဘုယျအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ သယ်ပို့ခြင်းနှင့် ဖြန့်ဖြူးခြင်းတို့ ဟန်ချက်ညီ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပထမဦးစွာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ဆောင်ရွက်နိုင်ရန် စွမ်းအင်အရင်းအမြစ်များဖြစ်သော ရုပ်ကြွင်းဖြစ်လောင်စာများ (ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး)၊ ရေအရင်းအမြစ်၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်အရင်းအမြစ်နှင့် ဇီဝလောင်စာတို့ကို အသုံးပြုရမည်ဖြစ်ရာ မိမိတို့နိုင်ငံ၌ စွမ်းအင်အရင်းအမြစ်ပေါကြွယ်ဝခြင်းသည် လိုအပ်သော စွမ်းအင်အရင်းအမြစ်များ ပြည်ပမှ တင်သွင်းရခြင်းကို လျှော့ချနိုင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းအတွက် များစွာအထောက်အကူပြုပါသည်။

လူနေထိုင်မှုဘဝမြင့်မားရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လျှပ်စစ်ဓာတ်အားရရှိမှုသည် အခြေခံကျကျ အရေးပါသော်လည်း **"ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစွာ ထုတ်ယူရရှိနိုင်မည့် လျှပ်စစ်ဓာတ်အားကို လူတိုင်းတတ်နိုင်သော ဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးနိုင်ရေး"**မှာ ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်း ကြုံတွေ့ရသည့် ကြီးမားသော စိန်ခေါ်မှုတစ်ခု ဖြစ်ပါသည်။

မြေမျက်နှာသွင်ပြင်အနေအထားနှင့် ယဉ်ကျေးမှုအနေအထားတို့အရ ကွဲပြားခြားနားမှုများစွာမရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အထိ တိုးတက်ဆောင်ရွက်နိုင်ခြင်းကို အောက်ပါအတိုင်း တွေ့ရှိရပေသည်။

အာဆီယံနိုင်ငံများဖြစ်သော ဘရူနိုင်းဒါရူဆလမ်၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့က ၂၀၂၂ ခုနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိပြီး ဖြစ်ပါသည်။ ဒေသတွင်း၌ ဧရိယာအကြီးမားဆုံးနှင့် လူဦးရေအများဆုံးဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည်လည်း ရာနှုန်းပြည့်နီးပါး လျှပ်စစ်ဓာတ်အားရရှိနေပါသည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ တစ်နှစ်အတွင်း နိုင်ငံအလိုက် လျှပ်စစ်ဓာတ်အားတိုးတက်ရရှိမှုကို အာဆီယံဗဟိုစွမ်းအင်ဌာန(ASEAN CENTER FOR ENERGY–ACE) ၏ 8th ASEAN Energy Outlook 2023–2050, အစီရင်ခံစာ အချက်အလက်များအရ ပုံ–၁ တွင် တွေ့မြင်နိုင်ပါသည်။

ပုံ ၁– အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ၂၀၂၁–၂၀၂၂ တစ်နှစ်အတွင်း လျှပ်စစ်ဓာတ်အားတိုးတက်ရရှိမှု ရာခိုင်နှုန်း



Source: ACE calculations based on data from country consultation and the World Health Organisation (WHO).

**ဇယား–၁– အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လျှပ်စစ်ဓာတ်အားရရှိမှု ရာခိုင်နှုန်း**

| နိုင်ငံ | ၂၀၂၀ | ၂၀၂၂ | ၂၀၃၀ မျှော်မှန်းချက် |
|---|---|---|---|
| **ဘရူနိုင်းဒါရူဆလမ်** | ၁၀၀ | ၁၀၀ | ၁၀၀ |
| ကမ္ဘောဒီးယား | ၈၁.၁ | ၈၈.၄ | ၁၀၀ |
| အင်ဒိုနီးရှား | ၉၉.၂ | ၉၉.၆ | ၁၀၀ |
| လာအို | ၉၄.၃ | ၉၅.၃ | ၉၈ |
| **မလေးရှား** | ၁၀၀ | ၁၀၀ | ၁၀၀ |
| မြန်မာ | ၇၀.၄ | ၇၂.၅ | ၁၀၀ |
| ဖိလစ်ပိုင် | ၉၄.၅ | ၉၆.၂ | ၁၀၀ |
| **စင်ကာပူ** | ၁၀၀ | ၁၀၀ | ၁၀၀ |
| **ထိုင်း** | ၁၀၀ | ၁၀၀ | ၁၀၀ |
| **ဗီယက်နမ်** | ၉၉.၈ | ၁၀၀ | ၁၀၀ |

**ရုပ်ကြွင်းဖြစ်လောင်စာ(Fossil Fuels) သုံးစွဲမှု**

၂၀၂၂ ခုနှစ် ကိန်းဂဏန်းများအရ အာဆီယံဒေသနိုင်ငံများ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး အသုံးပြုသော စွမ်းအင်အရင်းအမြစ်အများဆုံးမှာ ရုပ်ကြွင်းဖြစ်လောင်စာများဖြစ်၍ ဒေသတွင်း လျှပ်စစ်ဓာတ်အားပေးစက်များ၏ စုစုပေါင်း စက်တပ်ဆင်အင်အား၏ ၆၆ ဒသမ ၄ ရာခိုင်နှုန်းမှာ ယင်းရုပ်ကြွင်းဖြစ်လောင်စာများဖြစ်သော ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့ကို အသုံးပြုထုတ်လုပ်လျက်ရှိပါသည်။

**ကျောက်မီးသွေး။** ။ ကမ္ဘာတွင် ကျောက်မီးသွေး ထုတ်လုပ်မှု တတိယအများဆုံးဖြစ်သော အင်ဒိုနီးရှားနိုင်ငံက အာဆီယံနိုင်ငံအားလုံး အသုံးပြုသည့် စက်တပ်ဆင်အင်အားပမာဏ၏ ၄၃ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံက ၂၄ ရာခိုင်နှုန်းနှင့် မလေးရှားနိုင်ငံက ၁၂ ရာခိုင်နှုန်းအထိ အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်လျက်ရှိပါသည်။

**ရေနံ။** ။ အမျိုးသားဓာတ်အားကွန်ရက် ပြင်ပ (Off Grid) ဝေးလံခေါင်သီသော ဒေသများကို ရေနံထွက်ပစ္စည်း (ဓာတ်ဆီ၊ ဒီဇယ်)များ အသုံးပြု၍ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးလေ့ရှိရာ ယခုအခါတွင် အာဆီယံနိုင်ငံအများစု၌ အမျိုးသားဓာတ်အားကွန်ရက်တိုးချဲ့တည်ဆောက်၍ ယင်းသုံးစွဲမှုကို လျှော့ချလျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံတွင်သာ သုံးစွဲမှုများပြားလျက်ရှိပါသည်။

**သဘာဝဓာတ်ငွေ့။** ။ကျောက်မီးသွေးနှင့် နှိုင်းယှဉ်လျှင် ကုန်ကျစရိတ် ပိုမိုများပြားသော်လည်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းခြင်းကြောင့် နိုင်ငံအများစုက သဘာဝဓာတ်ငွေ့သုံးစွဲမှုကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် အသုံးပြုလာရာ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှလွဲ၍ အာဆီယံနိုင်ငံများအားလုံးက သဘာဝဓာတ်ငွေ့ကို အသုံးပြုကြပါသည်။

**ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှု**

ကမ္ဘာကြီးပူနွေးလာမှု လျော့နည်းစေရေးနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို ဟန့်တားစေရေးတို့အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု လျော့နည်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းရေးတို့ကို ထည့်သွင်းစဉ်းစားခဲ့ကြသည်နှင့်အညီ ရုပ်ကြွင်းဖြစ်လောင်စာများ အသုံးပြုခြင်းအစား

**စွမ်းအင်မူဝါဒကျောင်းသား**

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များဖြစ်သော ရေစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်၊ ဘူမိအပူစွမ်းအင်၊ ဇီဝစွမ်းအင်နှင့် အခြားပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်တို့ကို အသုံးပြုလာကြပေသည်။

အာဆီယံဒေသသည် လက်ရှိအချိန်တွင် သဘာဝသယံဇာတဖြစ်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များ ပေါများသော်လည်း အဆင့်မြင့်နည်းပညာအသုံးပြုရခြင်းနှင့် ဓာတ်အားစနစ်တည်ငြိမ်စေရန် စွမ်းအင်သိုလှောင်စနစ် ထည့်သွင်းတည်ဆောက်ရခြင်းအတွက် ကနဦးကုန်ကျစရိတ် မြင့်မားခြင်းတို့က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုခြင်းကို ကြီးမားသော စိန်ခေါ်မှု ဖြစ်နေပါသည်။ ထိုစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်မှာ ရင်းနှီးမြှုပ်နှံမှုအကူအညီရရှိရေးပင်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိစေရန် နိုင်ငံ၏ စွမ်းအင်မူဝါဒရေးရာတွင် နိုင်ငံတော်အဆင့်အနေဖြင့် မက်လုံးပေးဆောင်ရွက်လျက်ရှိကြပါသည်။ ၂၀၂၂ ခုနှစ် ကိန်းဂဏန်းများအရ ဗီယက်နမ်နိုင်ငံ၏ လျှပ်စစ်ကဏ္ဍတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုမှုမှာ အတုယူဖွယ်ဖြစ်လောက်အောင် တိုးတက်ခဲ့ပါသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များသည် သဘာဝအတိုင်းဖြစ်တည်မှုဖြစ်သဖြင့် အရင်းအမြစ်ရရှိမှုကို **ထိန်းချုပ်၍မရပါ။** ဥပမာ– ရေအားလျှပ်စစ်ထုတ်လုပ်ရာတွင် ရေလှောင်ကန်အတွင်း ရေသိုလှောင်မှုအရ ထုတ်လုပ်ရပြီး မိုးရွာသွန်းမှုကိုမူ ကြိုတင်ခန့်မှန်းတွက်ဆခြင်းဖြင့်သာ တွက်ချက်နိုင်ပါသည်။ အတိအကျခန့်မှန်း၍ မရပါ။ လေစွမ်းအင်နှင့် နေရောင်ခြည်စွမ်းအင်တို့သည်လည်း စဉ်ဆက်မပြတ်ရရှိမှုကို အတိအကျ မှန်းဆ၍မရဘဲ ခန့်မှန်းတွက်ချက်ခြင်းမှ ရရှိနိုင်မှုအပေါ် ထုတ်လုပ်ရပြီး နေ့စဉ်အချိန်နှင့်အမျှ ပြောင်းလဲမှုရှိသဖြင့် ပြောင်းလဲနိုင်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များ (Variable Renewable Energy Resources, VRE)ဟု ခေါ်ဝေါ်ပါသည်။

**ဇယား–၂– အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရုပ်ကြွင်းဖြစ်လောင်စာသုံး တပ်ဆင်အင်အား( မဂ္ဂါဝပ်) (၂၀၂၂)**

| နိုင်ငံ | ကျောက်မီးသွေး | ရေနံ | သဘာဝဓာတ်ငွေ့ | စုစုပေါင်း |
|---|---|---|---|---|
| **ဘရူနိုင်းဒါရူဆလမ်** | ၂၅၄ | ၁၅ | ၁၀၄၆ | ၁,၃၁၅ |
| စုစုပေါင်း ၁,၃၂၂ မဂ္ဂါဝပ်၏ *၉၉.၄၇ %* | | | | |
| **မလေးရှား** | ၁၃,၁၈၈ | ၁၄၁ | ၁၁,၇၁၈ | ၂၅,၀၄၇ |
| စုစုပေါင်း ၃၃,၁၂၈ မဂ္ဂါဝပ်၏ *၇၅.၆၁ %* | | | | |
| **စင်ကာပူ** | – | ၇၆၄ | ၁၀,၆၇၁ | ၁၁,၄၃၅ |
| စုစုပေါင်း ၁၂,၃၄၄ မဂ္ဂါဝပ်၏ *၉၂.၆၄%* | | | | |
| **ထိုင်း** | ၆,၀၆၈ | ၃၇၄ | ၃၀,၉၂၅ | ၃၇,၃၆၇ |
| စုစုပေါင်း ၅၃,၃၅၂ မဂ္ဂါဝပ်၏ *၇၀.၀၄ %* | | | | |
| **ဗီယက်နမ်** | ၂၅,၃၁၂ | ၁၆၆ | ၇,၁၅၂ | ၃၂,၆၃၀ |
| စုစုပေါင်း ၇၅,၆၆၅ မဂ္ဂါဝပ်၏ *၄၃.၁၂ %* | | | | |
| ကမ္ဘောဒီးယား | ၁,၀၂၅ | ၆၄၃ | – | ၁,၆၆၈ |
| စုစုပေါင်း ၃,၄၆၅ မဂ္ဂါဝပ်၏ *၄၈.၁၄ %* | | | | |
| အင်ဒိုနီးရှား | ၄၆,၀၄၄ | ၄,၃၅၂ | ၂၀,၈၃၁ | ၇၁,၂၂၇ |
| စုစုပေါင်း ၈၃,၈၀၂ မဂ္ဂါဝပ်၏ *၈၅.၀၀ %* | | | | |
| လာအို | ၁,၈၇၈ | – | . | ၁,၈၇၈ |
| စုစုပေါင်း ၁၁,၀၁၇ မဂ္ဂါဝပ်၏ *၁၇.၀၀ %* | | | | |
| မြန်မာ | ၁၃၈ | ၁၈၁ | ၃,၅၂၉ | ၃,၈၄၈ |
| စုစုပေါင်း ၇,၂၉၁ မဂ္ဂါဝပ်၏ *၅၂.၇၈ %* | | | | |
| ဖိလစ်ပိုင် | ၁၂,၄၄၃ | ၄,၄၃၆ | ၃,၇၃၂ | ၂၀,၆၁၁ |
| စုစုပေါင်း ၂၈,၉၃၂ မဂ္ဂါဝပ်၏ *၇၁.၂၄ %* | | | | |

စာမျက်နှာ ၂၁ သို့ ☆

# လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့်မြို့ဦးစေတီတော်မြတ်ကြီး၏ (၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ရွှေကြာသင်္ကန်းကပ်လှူခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



နေပြည်တော် မတ် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီး၏ (၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ရွှေကြာသင်္ကန်းကပ်လှူခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ စေတီတော်မြတ်ကြီး၌ ကျင်းပရာ မြို့မကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကလျာဏအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များက အဆိုပါစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း ဆောင်ရွက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် စေနာရှင်အလှူရှင်များက အဆိုပါစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လားရှိုးမြို့ရှိ မဟာဗောဓါရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာရဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လားရှိုးမြို့ရှိ ဇမ္ဗူအေးစေတီ တပ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမထံမှ အနုမောဒနာတရား နာယူကြည်ညိုပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိပြီး တောင်ကိုရီးယားနိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် မတ် ၂

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင်ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေး ဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်အတွင်းသို့ တရားမဝင် လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။



နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ စက်ရုံ၊ အလုပ်ရုံများ မီးဘေးလုံခြုံရေး စစ်ဆေး

ရန်ကုန် မတ် ၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံများ မီးလောင်မှုမဖြစ်ပွားစေရန် မီးဘေးလုံခြုံရေး စစ်ဆေး/အကြံပြုခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းမီးသတ်ဦးစီးမှူး ဦးမင်းစမ်းအေး ဦးဆောင်၍ ခရိုင်မီးသတ်ဦးစီးမှူး ဦးမြင့်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရန်နိုင်ဖြိုးနှင့်အတူ လှိုင်သာယာမြို့နယ်အတွင်းရှိ အနော်ရထာစက်မှုဇုန်အတွင်း မီးသတ်ဦးစီးဌာန တာဝန်ရှိသူများက နေ့စဉ်သွားရောက်စစ်ဆေးနေမှုအား တိုင်းဒေသကြီးဦးစီးမှူးက ကွင်းဆင်းစစ်ဆေးရာတွင် စက်ရုံ၊ အလုပ်ရုံများ မီးလောင်မှုမဖြစ်ပွားစေရန် စက်ရုံတွင်တပ်ဆင်ထားသော Fire-fighting Systems များ အလိုအလျောက်မီးငြိမ်းသတ်နိုင်မှု ရှိ/မရှိ၊ စက်ရုံ/အလုပ်ရုံအတွင်း လေဝင်/လေထွက်စနစ်များ စီမံဆောင်ရွက်ထားမှုအခြေအနေတို့ကို ကွင်းဆင်းဆောင်ရွက်ကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြန်မာ ယူ-၁၇ အသင်းနှင့် အိန္ဒိယ ယူ-၁၇ အသင်း ပထမခြေစမ်းပွဲ ယနေ့ကျင်းပမည်

ရန်ကုန် မတ် ၂

၂၀၂၆ အာရှဖလား ယူ-၁၇ ပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် ပြင်ဆင်နေသည့် မြန်မာ ယူ-၁၇ လက်ရွေးစင်အမျိုးသားအသင်းနှင့် အိန္ဒိယ ယူ-၁၇ လက်ရွေးစင်အမျိုးသားအသင်းတို့၏ ပထမခြေစမ်းပွဲကို မတ် ၃ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ပထမဆုံး နိုင်ငံတကာခြေစမ်းပွဲ**

မြန်မာအသင်းနှင့် အိန္ဒိယအသင်းသည် ခြေစမ်းပွဲ နှစ်ပွဲ ကစားမည်ဖြစ်ပြီး မြန်မာအသင်းအတွက် ယခုနှစ်အတွင်း ပထမဆုံး ကစားသည့် နိုင်ငံတကာခြေစမ်းပွဲလည်းဖြစ်သည်။ မြန်မာ ယူ-၁၇ အသင်းသည် ၂၀၂၆ အာရှဖလား ယူ-၁၇ ပြိုင်ပွဲမှတစ်ဆင့် ယူ-၁၇ ကမ္ဘာ့ဖလား ပြိုင်ပွဲဝင်ခွင့်ရရန်အထိ ရည်မှန်းချက်ထားနေသောကြောင့် အချိန်ယူပြင်ဆင်လျက်ရှိပြီး ခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်ပေးခဲ့သည့် ဦးကျော်ဇေယျက နည်းပြချုပ်အဖြစ် ဆက်လက်ကိုင်တွယ်နေသည်။ မြန်မာ ယူ-၁၇ အသင်းသည် အိန္ဒိယအသင်းနှင့် ခြေစမ်းပွဲ နှစ်ပွဲ ကစားပြီးပါက ဧပြီလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် အာဆီယံ ယူ-၁၇ ချန်ပီယံရှစ်ပြိုင်ပွဲနှင့် ပြည်ပလေ့ကျင့်ရေးခရီးစဉ် သွားရောက်မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ-အိန္ဒိယ ခြေစမ်းပွဲ နှစ်ပွဲစလုံးကို ကွင်းဝင်ကြေး အခမဲ့သတ်မှတ်ထားသည်။

မြန်မာအသင်းနည်းပြချုပ် ဦးကျော်ဇေယျက "ခြေစစ်ပွဲ အောင်မြင်ပြီးကတည်းက လေ့ကျင့်ပြင်ဆင်မှုတွေ ပြုလုပ်နေပါတယ်။ အသင်းအနေနဲ့ အခုလို ခြေစမ်းပွဲတွေကနေ ကောင်းမွန်တဲ့ အတွေ့အကြုံနဲ့ ခြေစွမ်းပိုင်းတိုးတက်လာဖို့ ပြင်ဆင်သွားမှာပါ။ အသင်းမှာ ကစားသမားသစ်တချို့ ခေါ်ယူအားဖြည့်ထားပြီး အိန္ဒိယနဲ့ ခြေစမ်းပွဲမှာ ကစားသမားသစ်တွေလည်း အသုံးပြုသွားမှာပါ။ အာရှဖလားပြိုင်ပွဲမှာ အုပ်စုကျပ်ပေမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရဖို့အထိ ရည်မှန်းထားပါတယ်" ဟု ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မြန်မာအသင်းနှင့် အိန္ဒိယအသင်းသည် မတ် ၃ ရက်နှင့် ၅ ရက်တို့တွင် ခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**



ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ မတ် ၂ ရက် နံနက်ပိုင်းက မြို့ပေါ်ရှိ KTV ဆိုင်များ မီးဘေးကာကွယ်ရေး ကွင်းဆင်းစစ်ဆေးစဉ်။

ခင်ခင်မာ(ပြန်/ဆက်)

# အာရှနှင့် ဥရောပဒေသအကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အင်အားတစ်ရပ်ဖြစ်လာမည်ဟု ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ပြောကြား

**ဖနောင်ပင် မတ် ၂**

အာရှနှင့်ဥရောပဒေသနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် အင်အားတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ပရက်ဆိုခွန်းက မတ် ၁ ရက်တွင် ပြောကြားသည်။

၁၉၉၆ ခုနှစ် မတ် ၁ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်တွင် စတင်ကျင်းပခဲ့သည့် အာရှ-ဥရောပနိုင်ငံများ ထိပ်သီးဆွေးနွေးပွဲကို ဂုဏ်ပြုသည့်အနေဖြင့် ကျင်းပသည့် အာရှ-ဥရောပ ထိပ်သီးဆွေးနွေးပွဲအထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ အာရှ-ဥရောပ ထိပ်သီးဆွေးနွေးပွဲ ကျင်းပခဲ့သည့် နှစ်(၃၀)ပြည့်မြောက်သည့် လက်ရှိအချိန်တွင် ကမ္ဘောဒီးယား တော်ဝင်အစိုးရနှင့် ပြည်သူများကိုယ်စား အာရှဒေသနှင့် ဥရောပဒေသနိုင်ငံများရှိ ပြည်သူများအတွက် ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့အတွက် ဆုတောင်းစကားပေးပို့ပါကြောင်း နိုင်ငံခြားရေးဝန်ကြီး ပရက်ဆိုခွန်းက ပြောကြားသည်။

ဆယ်စုနှစ်သုံးခုအတွင်း အာရှဒေသနှင့် ဥရောပဒေသ နိုင်ငံများအကြား အာရှ-ဥရောပ ထိပ်သီးဆွေးနွေးပွဲသည် ဆွေးနွေးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် အပြန်အလှန် နားလည်ယုံကြည်မှုများအတွက် စင်္ကြံတစ်ခုအဖြစ် ရပ်တည်ဆောင်ရွက်ခဲ့ကြောင်း ၎င်းကပြောကြားသည်။ အာရှ-ဥရောပ ထိပ်သီးဆွေးနွေးပွဲသည် ဒေသတွင်း အဖွဲ့အစည်းများဖြစ်သည့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် ဥရောပသမဂ္ဂတို့ကို ပေါင်းစည်းပေးရုံသာမက ကမ္ဘာ့နိုင်ငံများ၏ ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး ထက်ဝက်ကျော် အပါအဝင် လူဦးရေ၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းတို့ကို ကိုယ်စားပြုကြောင်း ၎င်းက ပြောကြားသည်။ အာရှ-ဥရောပ ထိပ်သီးဆွေးနွေးပွဲသည် ဒေသများအကြား ယဉ်ကျေးမှု၊ စီးပွားရေးနှင့် နိုင်ငံသားများအချင်းချင်း ဆက်သွယ်ပေးရာ ပေါင်းကူးတံတားအဖြစ်ရပ်တည်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**





# ထိုင်းနိုင်ငံ၌ အပူဒဏ်သတိပေးချက် ထုတ်ပြန်

**ဗန်ကောက် မတ် ၂**

ထိုင်းနိုင်ငံ၌ လက်ရှိအချိန်တွင် အပူချိန်များ မြင့်မားနေသဖြင့် အစိုးရက အပူဒဏ်သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ကိုင်ဆောင်ရွက်ရသူများနှင့် နာတာရှည်ဝေဒနာ ခံစားနေရသူများကို အပူဒဏ်ကြောင့် ကျန်းမာရေးထိခိုက်မှုမရှိစေရေး ဆောင်ရွက်ခြင်းဖြစ်သည်။

ယခုနှစ်သည် ယခင်နှစ်ကထက် အပူချိန်ပိုမိုမြင့်မားပြီး မယ်ဟောင်ဆောင်၊ လန်ပန်းနှင့် တက်ဒေသများတွင် အပူချိန် ၄၃ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိခဲ့ကြောင်း ဝန်ကြီးချုပ်ရုံးပြောရေးဆိုခွင့်ရှိသူ အယ်ရင်ပန်ရက်က ပြောကြားသည်။

နိုင်ငံသားများအနေဖြင့် ပူပြင်းသည့်နေရောင်အောက်တွင်လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် အပူဒဏ်ကြောင့် လေဖြတ်ခြင်းများဖြစ်နိုင်သဖြင့် ရှောင်ရှားကြရန် ၎င်းက ညွှန်ကြားခဲ့သည်။ နံနက် ၁၁ နာရီမှ မွန်းလွဲ ၃ နာရီအတွင်း နေအိမ်ပြင်ပတွင် လုပ်ငန်းဆောင်ရွက်ခြင်းမှ ရှောင်ရှားရန်နှင့် ရေများများသောက်ရန် ၎င်းကအကြံပြုခဲ့သည်။ မတ် ၃ ရက်မှ ၆ ရက်အတွင်း နိုင်ငံအရှေ့မြောက်ပိုင်းဒေသများနှင့် မြို့တော်ဗန်ကောက်အပါအဝင် အနီးအနားဒေသများတွင် မုန်တိုင်းတိုက်ခတ်နိုင်ကြောင်း မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

**ကိုးကား - VN Express၊ ဘာသာပြန် - စိုးသူရ**

# နယူးဇီလန်၌ ဉာဏ်ရည်တုနည်းပညာသုံးစွဲမှုကြောင့် လူမှုအသိုက်အဝန်းအပေါ် အကျိုးသက်ရောက်မှုများရှိလာခြင်းအား စိုးရိမ်ပူပန်မှုများ မြင့်တက်လာ

**ဝယ်လင်တန် မတ် ၂**

နယူးဇီလန်နိုင်ငံတွင် နိုင်ငံသားများအကြား ဉာဏ်ရည်တုနည်းပညာ အသုံးပြုမှုက လူမှုအသိုက်အဝန်းအပေါ် အကျိုးသက်ရောက်မှုများရှိလာခြင်းအား စိုးရိမ်ပူပန်မှုများ မြင်တက်လာကြောင်း သိရသည်။

နိုင်ငံသား ငါးဦးလျှင် လေးဦးသည် ဉာဏ်ရည်တုနည်းပညာကိုသုံးစွဲ၍ အွန်လိုင်းတွင် လိုအပ်သည့် အရာများရှာဖွေခြင်း၊ မေးခွန်းများ ဖြေဆိုခြင်းနှင့် စာတမ်းများရေးသားရာတွင် အကူအညီတောင်းခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ သို့ရာတွင် အွန်လိုင်းတွင် ဉာဏ်ရည်တုနည်းပညာကိုသုံးစွဲ၍ မသင့်လျော်သည့် အကြောင်းအရာများကို မသမာသူများက ဖန်တီးနေသဖြင့် စိုးရိမ်ပူပန်မှုများရှိကြောင်း နိုင်ငံသားများ၏ ၅၂ ရာခိုင်နှုန်းက ထောက်ပြကြပြီး ၆၄ ရာခိုင်နှုန်းက ဉာဏ်ရည်တုနည်းပညာဖြင့် ကိုယ်ရေးအချက်အလက်များ တရားမဝင်ရယူခြင်းနှင့် အသိဉာဏ်မူပိုင်ခွင့်များအပေါ် ချိုးဖောက်မှုများရှိနေပြီး အရေးယူနိုင်ရန် လုံလောက်သည့် ဥပဒေများ မရှိခြင်းအပေါ် စိုးရိမ်ပူပန်ကြောင်း ပြောကြားခဲ့သည်။

ဉာဏ်ရည်တုနည်းပညာသည် လက်ရှိအချိန်တွင် ရထားလမ်းများ လုံလုံလောက်လောက် ဖောက်လုပ်ခြင်းမရှိဘဲ ဘူတာမှ ထွက်လာသည့် ရထားနှင့်တူနေကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဉာဏ်ရည်တုနည်းပညာသုံးစွဲခြင်းဖြင့် အင်တာနက်ပေါ်တွင် လူမှုအသိုက်အဝိုင်းအား ထိခိုက်မှုမှကာကွယ်ရန် အစီအမံများ လုံလုံလောက်လောက်မရှိသဖြင့် ၎င်းအချက်ကို ထိန်းသိမ်းဆောင်ရွက်ရမည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ကမ္ဘာ့နိုင်ငံများတွင် ဉာဏ်ရည်တုနည်းပညာ သုံးစွဲမှုများလာသည်နှင့်အမျှ စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန် စည်းမျဉ်းများ ပြဋ္ဌာန်းလာကြကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ကမ္ဘာ့အပူချိန်မြင့်မားလာမှုအပေါ် ဆန်စပါးသီးနှံများ ခံနိုင်ရည်ရှိစေရေး သုတေသနလုပ်ငန်းများ ဆောင်ရွက်

**ဆစ်ဒနီ မတ် ၂**

ကမ္ဘာ့အပူချိန်မြင့်မားလာမှုအပေါ် ဆန်စပါးသီးနှံများ ခံနိုင်ရည်ရှိစေရေးအတွက် ဉာဏ်ရည်တုနည်းပညာနှင့် မျိုးဗီဇစနစ်တို့ကို သုံးစွဲ၍ အိန္ဒိယနှင့် ဩစတြေးလျပညာရှင်များက သုတေသနလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

မြင့်မားသည့် အပူချိန်ကြောင့် ဆန်စပါးသီးနှံအထွက်နှုန်း မလျော့ကျစေရေးအတွက် ဆောင်ရွက်သည့် ၎င်းစီမံချက်အား ဩစတြေးလျနိုင်ငံ မိုနတ်တက္ကသိုလ်နှင့် အိန္ဒိယနိုင်ငံ အပင်မျိုးဗီဇသုတေသနဆိုင်ရာ အမျိုးသားအင်စတီကျုတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း မိုနတ်တက္ကသိုလ်၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါစီမံချက်အရ ဆန်စပါးသီးနှံများတွင်ပါဝင်သည့်ပရိုတိန်းများ၏ အပူဒဏ်အပေါ် တုံ့ပြန်မှုများကိုလေ့လာခြင်းနှင့် ဆန်စပါးသီးနှံများအား အပူဒဏ်ခံနိုင်ရည်မြင့်မားစေရေးအတွက် မျိုးဗီဇပြောင်းလဲသည့်လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယခုဆောင်ရွက်သည့် စီမံချက်သည် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများကို တွေ့ကြုံနေရသည့် လယ်သမားများအတွက် လက်တွေ့ကျသည့်အဖြေကို ဆောင်ကြဉ်းပေးလာမည်ဟု မိုနတ်တက္ကသိုလ်မှ ပါမောက္ခဆူရီကုမာန်ဗလာဆူဗာရာမင်က ပြောကြားသည်။ ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ ဆန်စပါးသီးနှံများသည် အပူချိန်မြင့်မားမှုဒဏ်ကို ခံနေရပြီး အပူချိန်မြင့်မားမှုကြောင့် အထွက်နှုန်းလျော့ကျလာကြောင်း ၎င်းကပြောကြားသည်။

၎င်းစီမံချက်အရ မိမိတို့အနေဖြင့် ဆန်စပါးသီးနှံအတွင်းရှိ မည်သည့်ဒြပ်စင်များသည် အပူဒဏ်ကိုခံနိုင်ရည်ရှိကြောင်းနှင့် ၎င်းဒြပ်စင်များကို မည်သို့အသုံးချရမည်ကို သိရှိနိုင်မည်ဖြစ်ကြောင်း မိုနတ်တက္ကသိုလ် ဇီဝသိပ္ပံပညာကျောင်းမှ တာဝန်ရှိသူ ဆရီဒေဗီဆူရတ်ကုမာက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ဂျပန်အစိုးရက ငလျင်နောက်ဆက်တွဲ ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာ အစီအမံမူကြမ်းတစ်ရပ် တင်သွင်း

**တိုကျို မတ် ၂**

ဂျပန်နိုင်ငံ တိုကျိုမြို့နှင့် အနီးတစ်ဝိုက်တွင် ငလျင်ကြီးတစ်ခု လှုပ်ခတ်ခဲ့ပါက နောက်ဆက်တွဲ ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်သည့် အစီအမံမူကြမ်းတစ်ခုကို အစိုးရက တင်သွင်းခဲ့ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်းရှိ အစိုးရဝန်ထမ်းများသည် ၎င်းအစီအမံတွင် ပါဝင်တာဝန်ထမ်းဆောင်ရမည်ဟု သတ်မှတ်ထားသည်။ ယခုအစီအမံကိုဆောင်ရွက်ရခြင်းသည် သဘာဝဘေး ကျရောက်ပြီးသည့်အချိန်တွင် ကယ်ဆယ်ရေးစင်တာများ ဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်နိုင်ရန်၊ အပျက်အစီးများနှင့် ပတ်သက်သည့် စာရင်းများ ပြုစုနိုင်ရန်နှင့် သဘာဝဘေးကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။



၎င်းအစီအမံနှင့် ပတ်သက်သည့် ဒေသန္တရအစိုးရတာဝန်ရှိသူများ၏ မှတ်ချက်ကို လေ့လာကာ ဗဟိုအစိုးရက ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ တိုကျိုအလယ်ပိုင်းတွင် ပြင်းအားမဂ္ဂနီကျု ၇ ဒသမ ၃ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပါက ဒေသခံ ၁၈၀၀၀ သေဆုံးနိုင်ပြီး စီးပွားရေးအရ ထိခိုက်ပျက်စီးမှု ယန်း ၈၃ ထရီလီယံရှိနိုင်ကြောင်း အစိုးရ၏ မှတ်တမ်းတစ်ရပ်အရ သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ ဘာသာပြန် - စိုးသူရ**

☆ **ကျောဖုံးမှ**

မတ် ၂ ရက်က ကျင်းပသည့် ဒုတိယနေ့တွင် သန်လျင်စီးတီးအသင်းက 10/Mon အသင်းကို ငါးဂိုးပြတ်၊ Elite Kings အသင်းက MYWD Star အသင်းကို ငါးဂိုးပြတ် အနိုင်ရရှိသည်။

ယခုပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၁ သင်း ယှဉ်ပြိုင်နေပြီး အုပ်စု (A) တွင် အာယုအသင်း၊ Enjoy Brother အသင်း၊ Happy Friendship အသင်း၊ မကွေးယူနီယံအသင်း၊ Royal Chindwin အသင်းနဲ့ Swat-E Academy အသင်း၊ အုပ်စု (B)တွင် 10/Mon အသင်း၊ Asia Lion အသင်း၊ Elite Kings အသင်း၊ MYWD Star အသင်းနဲ့ သန်လျင်စီးတီးအသင်းတို့ ပါဝင်နေသည်။

အုပ်စုတတိယနေ့ကို မတ် ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီခွဲတွင် ဗဟန်းမြက်ခင်းတုကွင်း၌ မကွေးယူနီယံအသင်းနှင့် Swat-E Academy အသင်း၊ ညနေ ၄ နာရီတွင် ဗဟန်းမြက်ခင်းတုကွင်း၌ Happy Friendship အသင်းနှင့် Royal Chindwin အသင်း၊ သုဝဏ္ဏလေ့ကျင့်ရေးကွင်း (၁) ၌ Enjoy Brother အသင်းနှင့် အာယုအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ချစ်ကိုကို**
**ဓာတ်ပုံ-MNL**

❖ **အာဆင်နယ်အသင်းမှ**

နှစ်မိနစ်မှာ အာဆင်နယ်အသင်း နောက်တန်းကစားသမား ဟင်ကာပီရဲ့ ကိုယ့်ဂိုးကို သွင်းယူမိခဲ့သလို ဖြစ်ခဲ့တာကြောင့် ရရှိခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းဟာ ချေပဂိုး ပြန်လည်ရရှိရေး ကြိုးစားရင် ဒုတိယပိုင်း ပွဲကစားချိန် မိနစ် ၇၀ မှာ ပက်ဒရိုနက်တို နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာကြောင့် တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။

ယခုပွဲစဉ်မှာ အာဆင်နယ်အသင်းနဲ့ အတူ သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တင်ဘာရဲ့ သွင်းဂိုးဟာ ယခုနှစ် ဘောလုံးရာသီအတွင်း ထောင့်ကန်ဘောမှတစ်ဆင့် သွင်းယူပေးနိုင်ခဲ့တဲ့ ၁၆ ဂိုးမြောက် သွင်းဂိုးလည်း ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဒုတိယနေရာက မန်စီးတီးအသင်းထက် တစ်ပွဲပိုကစားပြီးချိန်မှာ ငါးမှတ်ဖြတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်နေတာ ဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၅)နေရာ တက်လှမ်းနိုင်မယ့်အခွင့်အရေးဆုံးရှုံးခဲ့ပြီး အဆင့်(၆) နေရာမှာ ဆက်လက်ရပ်တည်နေတာ ဖြစ်ပါတယ်။

**ငွေကြယ်**


**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော**
**အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**


## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၂၊ မြေကွက်အမှတ်-၈၇၈၊ မြေကွက်ဧရိယာ(၀.၀၅၅)ဧက အကျယ်အဝန်းရှိ ဒေါ်နီ(ISN 076480) အမည်ပေါက်နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်အား တရားဝင်ခွဲစိတ်ထားခြင်းမရှိသေးသည့် မြေကွက်ဧရိယာ(၁၂၀၀)စတုရန်းပေ၊ အကျယ်အဝန်းရှိ အမှတ်(၈၇၈/က)၊ ဇမ္ဗူသီရိလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်များအားတရားဝင်ပိုင်ဆိုင်စီမံခန့်ခွဲ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကြူကြူစိန်[၈/မလန(နိုင်)၀၀၄၈၁၃]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြူကြူထွန်း[၇/ပခန(နိုင်)၂၃၁၂၁၉]နှင့်ဒေါ်နန်းဝိုတစ် [၁၃/ကတန(နိုင်)၀၀၂၅၂၅]တို့က ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြူကြူထွန်း[၇/ပခန(နိုင်)၂၃၁၂၁၉]နှင့် ဒေါ်နန်းဝိုတစ်[၁၃/ကတန(နိုင်)၀၀၂၅၂၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သန္တာဝင်း(LLB, D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၆၄)**
**ဖုန်း-၀၉-၂၆၁၆၁၆၁၁၉၊ ၀၉-၉၆၅၀၉၈၅၃၉**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၄၊ အောင်ပါရမီလမ်း၊ မြေကွက်အမှတ်(၄၆၆)ဟုခေါ်တွင်သော ဦးစံမြိုင် အမည်ပေါက်သည့် ပါမစ်(မူရင်း)ပါ မြေအကျယ်(ပေ ၄၀x ပေ၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမင်းထွန်းလင်း [၁၄/ဂခမ(နိုင်)၁၀၆၁၉၉] မှ ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်သက်လှိုင် [၁၂/ဒဂမ (နိုင်)၀၀၇၈၄၀]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၅)ရက် ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကိစ္စကိုပြီးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

| ညွှန်ကြားသူ | ညွှန်ကြားချက်အရ- |
| --- | --- |
| ဒေါ်သက်သက်လှိုင် | ဒေါ်ဟန်နီထွန်း (LL.B) |
| | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၆၉) |

**အမှတ်(၆၄၀၊ ခ)၊ သမိန်ဗရမ်းလမ်း၊ ၃၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ -၅၀၅၄၁၂၆**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရိုးမရိပ်သာအိမ်ရာရှိ တိုက်အမှတ်(၄၃)၊ အခန်းအမှတ် (၂၀၄)၊ (၁၂)ခန်းတွဲ(၄)ထပ်တိုက်၊ အကျယ်အဝန်း (၁၈ပေx၁၈ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်တို့အား တိုက်ခန်းအား တရားဝင် လက်ရှိထားပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသူဟုအဆိုရှိသူ ဦးရဲမာန်ထွဋ် (ဘ) ဦးသန်းဌေးအောင် [၁၂/သကတ(နိုင်) ၁၃၇၂၃၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးမှ ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ချိန်ပြည့်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရီနွယ်ထွန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၆၁၁/၂၀၁၈)**
**တိုက်-၃၆၊ အခန်းအမှတ် ၄၀၁၊ ပိတောက်လမ်း၊ အမှတ် (၉၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၅၉၈၁၁၉၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ ဆရာထွန်းလမ်း၊ (၂)ခန်းတွဲ၊ (၇)ထပ်တိုက်၏ တိုက်အမှတ်(၄)၊ (၃-လွှာ)၊ ဒုတိယထပ်-ခြေရင်းခန်း၊ အကျယ်အဝန်း (၁၅x၆၀)ပေရှိ ကိုယ်ပိုင်မီတာ ရေ၊ မီးအပြည့်အစုံ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နင်ရာတိန်[၅/တမန(နိုင်)၀၀၇၂၆၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအား လွှဲပြောင်းရောင်းချမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါကမည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် ခိုင်လုံသော စာချုပ်စာတမ်း (မူရင်း)အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်နေ့ရက်ကျော်လွန်သည့်အချိန်တွင် အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းယုရွှေ(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၃၆)**
**အမှတ်-၂၀၄၊ မြိတ်လမ်း၊ (၂၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၁၆၈၀၀၃၊ ၀၉-၇၇၃၁၆၈၀၀၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ရူပါရုံလမ်း၊ အမှတ်(၃၉၄/A)၊ မြေအကျယ်အဝန်း(အလျား၂၀xအနံ၆၀)ပေရှိ(ပါမစ်မိတ္တူ)မြေနှင့်အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် ဗိုလ်ကြီးအောင်ဆန်းမြိုင်(ငြိမ်း)MGN-၁၃၃၅၂၅)အမည်ဖြင့် မှတ်သားထားပြီး ဆက်စပ်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားသော ဒေါ်နီလာထွန်း[၇/နတလ(နိုင်)၀၀၀၀၈၈]မှ မိမိသာလျှင်လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်းအောင်[၁၂/လမန(နိုင်)၀၂၄၆၈၈]တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)(၉-၂-၂၀၂၂)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၁-လမ်း၊ အမှတ်(၈၅)ဟု ခေါ်တွင်သော (၂)ခန်းတွဲ၊ (၈)ထပ်တိုက်အနက်မှ မြေညီထပ်၊ (၁-လွှာ) (တိုက်ကိုမျက်နှာမူလျှင်-ဘယ်) အကျယ်အဝန်း (၁၂ $\frac{1}{2}$ x၇၀)ပေရှိ တိုက်ခန်းနှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်နန်းသီတာ [၁၃/ကလန (နိုင်)၀၀၀၅၅၂] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဝင်းမောင်[၁၂/တမန(နိုင်)၁၃၅၈၆၂] ကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်မာမာသိန်း (LL.B) | ဒေါ်ဝင့်ထက်ထက်စံ (LL.B) |
| --- | --- |
| (စဉ်-၈၇၉၂) | (စဉ်-၁၈၅၅၃) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၈)၊ မြေညီထပ်၊ ဦးဖိုးကျားလမ်း၊ ကန်/တောင်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၆၄၉၅၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

